http://www.cherrythitsar.org



# ကြည်အေး

ရန်ကုန်မြို့ လှည်းတန်းရပ်တွင် အဖ ကုန်သည်ဦးဟန်၊အမိ ဒေါ်ငွေယုန် တို့မှ ၁၉၂၉ ခုနှစ်တွင် မွေးဖွားသည်။ အမည်ရင်း ဒေါ်ကြည်ကြည် ဖြစ်သည်။

တတိယတန်းတွင် ပညာသင်ကြားနေစဉ် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်၍ စစ်လွတ်ရာပြေးရသည်။ စစ်ပြီးသောအခါ ကုလားအဖိုးကြီး ကေကေမိကြ ထံတွင် အင်္ဂလိပ်စာ သင်ကြားသည်။ ကျောင်း နှစ်နှစ်မျှ နေပြီး ဆယ်တန်း စာမေးပွဲ ဖြေဆိုအောင်မြင်သည်။ ၁၉၄၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ ရောက်သည်။ ဆေးပညာ တတိယနှစ်တွင် ကျောင်းထွက်သည်။ ထို့နောက် ဝိဇ္ဇာစာမေးပွဲကို ဖြေဆိုအောင်မြင်သည်။ နောင် ဆေးပညာ ပြန်လည်သင် ယူပြီး ဆရာဝန်ဘွဲ့ ရခဲ့သည်။ ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာနတွင် နည်းပြဆရာမ အဖြစ်လည်း အမှုထမ်းဖူးသည်။

၁၉၅၃ ခုနှစ်တွင် ဘဏ်မန်နေဂျာ ဦးတင်မြင့်နှင့် အိမ်ထောင်ပြုသည်။ သား သမီး ၆ ယောက် ထွန်းကားသည်။ ၁၉၇၂ ခု၊ဒီဇင်ဘာလတွင် အမေရိကန် ပြည်ထောင်စုသို့ ထွက်ခွာသွားသည်။ ယခုအခါ အင်္ဂလန်ပြည်တောင်ပိုင်း သို့ ပြောင်းရွှေ့နေထိုင်ကာ ဆရာဝန်အဖြစ် အသက်မွေးဝမ်းကျောင်း ပြုလျက်ရှိသည်။

ဒုတိယကမ္ဘာစစ်အတွင်း စစ်ပြေးရင်း ကွမ်းခြံကုန်းမြို့ရှိ စာရေးဆရာ ကြီးများထံတွင် စာပေရေးရာများ ဆည်းပူးခဲ့သည်။ တာရာမဂ္ဂဇင်းတွင် ကဗျာများ စတင်ရေးသားသည်။ ၁၉၄၇ ခုနှစ်ထုတ် တာရာမဂ္ဂဇင်းအတွဲ (၁) အမှတ်(၄)ပါ 'ထိုည'ဝတ္ထုတိုသည် ပထမဆုံး ပုံနှိပ်ဝတ္ထု ဖြစ်သည်။ ကေဖွဲ့ဆိုသီ(၁၉၆၃)၊ မီ(၁၉၆၀၊၁၉၉၅)၊ တမ်းတတတ်သည်(၁၉၆၁၊ ၁၉၉၅)၊ ဖုန်းသက်တိုင်(၁၉၆၄)၊ ကျွန်မ ပညာသည်(၁၉၆၁)၊ မောင်၊ ကိုကိုနှင့် မြနန္ဒာ(၁၉၇၃၊၁၉၉၃)၊မေတ္တာမီးအိမ်(၁၉၈၀၊၁၉၉၄)၊အပြင်က လူ(၁၉၉၆)၊ ကြည်အေး၏ကဗျာများ(၁၉၉၀၊၁၉၉၂)တို့မှာ အထူး ထင်ရှား၏။ တောတောင်ရေမြေ(၁၉၅၅)နှင့် ဤမာန(၁၉၉၄)တို့ကိုလည်း ဘာသာပြန်ခဲ့သည်။

မမိုးသူ ကလောင်အမည်သုံး၍ အင်္ဂလိပ်ဘာသာဖြင့် ဆောင်းပါးများ ရေးသည်။ ဝတ္ထု၊ကဗျာ၊ဂီတနှင့် ပန်းချီတွင် ဝါသနာထုံသည်။

http://www.cherrythitsar.org

ရာပြည့်စာအုပ် ၃၈

**ရာပြည့်စာအုပ်တိုက်**

အမှတ် ၃၈၊ ၁၀၉လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

ဖုန်း-၀၁၊၂၉၆၆၇၁

စာမူခွင့်ပြုချက်အမှတ်          [၄၇/၉၇(၁)]
မျက်နှာဖုံးခွင့်ပြုချက်အမှတ်  [၉၇/၉၇(၂)]

❑

**စီစဉ်ထုတ်လုပ်မှု**

ရာပြည့်  ဦးစိုးညွန့်

❑

**ပုံနှိပ်ခြင်း**

ပထမအကြိမ်-    [ဖုန်းသက်တိုင်-နှင့်တွဲ၍]
(၁၉၆၄)ငြိမ်းစာစဉ်

ဒုတိယအကြိမ်-         (၁၉၉၇)ရာပြည့်စာအုပ်တိုက်

အုပ်ရေ[၁၀၀၀]

❑

**မျက်နှာဖုံးရိုက်**

ဦးမြသိန်း[၀၁၄၂၇]၊သိန်းမြင့်ဝင်း  အော့ဖ်ဆက်
အမှတ်  ၉၆၊  ၁၁  လမ်း၊  ရန်ကုန်မြို့။

❑

**ပုံနှိပ်သူ**

ဒေါ်တင်တင်ဌေး[၀၅၂၄၀]၊သင်းလဲ့ဝင်းပုံနှိပ်တိုက်
အမှတ်  ၁၊  ဗိုလ်ရာညွန့်လမ်း၊ဒဂုံမြို့နယ်၊ရန်ကုန်မြို့။

❑

**ထုတ်ဝေသူ**

ဦးမိုးကြည်[၀၉၅၈]၊မိုးကြည်စာပေ၊အမှတ်  ၃၈၇(က)၊
(၇)ရပ်ကွက်၊  ဖျာပုံလမ်း၊ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ရန်ကုန်မြို့။

❑

**စာအုပ်ချုပ်**

ကိုမြင့်

❑

**မျက်နှာဖုံးပန်းချီ**

မြင့်မောင်ကျော်

❑

**တန်ဖိုး**

၇၀၀

ခေတ်ပေါ်

မြန်မာ့ဂန္ထဝင် ဝတ္ထုစာစဉ်[၁]

# နှမ်းလျှော်အိမ်ပြန်

## ကြည်အေး

[၁မတ်လ၊၁၉၉၇]

http://www.cherrythitsar.org

# အမှာ

စာရေးသူအများပင် ငယ်စဉ်က ရေးသည့်စာကို ပြန်လည် ထုတ်ဝေသည့်အခါ ကျေနပ်အားရခြင်းထက် ရှက်ကြောက် တွန့်ဆုတ်ခြင်းက ပိုလိမ့်မည် ထင်ပါသည်။ ပြင်ဆင်ချင်၊ ဖြည့်စွက်ချင်၊ ဖြတ်တောက်ချင်စိတ်တို့နှင့် လက်ယားလိမ့်မည် ထင်ပါသည်။
သို့သော် ကျွန်မ ၁၅ နှစ်က ရေးခဲ့သည်ကို ၃၅နှစ်၌ အပြစ်ရှာရန် မလို မသင့်ဟု ထင်ပါသည်။ ကျွန်မ၏ မိတ်ဆွေတို့သည် အားလုံး ၃၅ နှစ်ချည်း ရှိသည် မဟုတ်ကြပါ။ ၁၅ နှစ်အရွယ်လည်း ရှိသည်ကို ဝမ်းမြောက်ဝမ်းသာ တွေ့ရပါသည်။ တကယ်တော့လည်း ကျွန်မတို့ အားလုံးသည် အသက်အရွယ် သတ်မှတ်ဖို့

---

* 'နှမ်းလျှအိမ်ပြန်' နှင့် ဖုန်းသက်တိုင်' ကို ပူးတွဲထုတ်ဝေစဉ်က စာရေးသူ၏ အမှာ ဖြစ်ပါသည်။

ရာပြည့်စာအုပ်တိုက်

http://www.cherrythitsar.org



မလိုဘဲ၊ ရလည်း မရဘဲ အချို့က အညှောက်ထွက်ဆဲ၊ အချို့က အရွက်ဝေဆဲ၊ အချို့က သီးပွင့်ဆဲ ဥယျာဉ်ထဲ၌ သစ်ပင်များပမာ ကြီးပြင်းရှင်သန် နေကြသည်ကသာ အရင်းခံကိစ္စ ဖြစ်လေရာ (ကျွန်မကို အကောင်းဖက်သို့ မျှော်လင့်ခြင်းကြီးသူလို့ ဆိုချင် ဆိုပါစေ) ကျွန်မ၏စာသည် ဘယ် သစ်တစ်ပင်အတွက် ဖြစ်စေ နှင်းရည်တစ်ပေါက် အနေဖြင့် အေးမြစေသည် ဆိုလျှင် လိုသည်ထက်ပို၍ ရခြင်းလို့ ထင်ပါသည်။

ထို့ကြောင့် ကျွန်မတို့သည် ငယ်စဉ်က ရေးသည့် စာကို စုံမက်စွာဖြစ်စေ၊ ပြုံးရယ်၍ဖြစ်စေ သည်းခံကာ ဖြစ်စေ အလျဉ်းသင့်သလို ဖတ်ကြပါလိမ့်မည်။ ကိစ္စ မရှိပါ။

ပြီးတော့ ကျွန်မသည် စာရေးနေသည့် ထိုကာလ အတွင်းမှ ရိုးဖြောင့်သော၊ ဟန်မဆောင်သော၊ မကြွားဝါသော၊ စေတနာဖြူသော နှလုံးထားမြဲ ဖြစ်သည်ကို ဝန်ခံနိုင်လေရာ ကျွန်မအတွက် ဘာမှ ရှက်ကြောက်ဖွယ် မရှိသည်ကို စဉ်းစားမိပါသည်။(ထိုနှလုံးမျိုး ထားသည်ကို ကျွန်မဂုဏ်မောက်၍ မပြောပါ။ ကျွန်မတို့သည် ထိုနှလုံးဖြင့် မွေးလာခဲ့ကြသည်လို့ ယုံကြည်ပါသည်။ ဂျာမန်ကဗျာဆရာ ဘားတော့ဘရက် ပြောသလို မာန်နတ်၏ မျက်နှာဖုံး ရုပ်ပုံကို ကြည့်လျှင် ယုတ်မာဖို့ရာ ဘယ်လောက် အပင်တပန်း လုပ်ရသည်။ လုံ့လထုတ်ရသည်ကို သိနိုင်ပေသည်။)

http://www.cherrythitsar.org



ထို့ကြောင့် ကျွန်မသည် မရှက်ကြောက် မတွန့်ဆုတ်တော့ဘဲ ၁၅ နှစ်နှင့် အနှစ် နှစ်ဆယ် အချိန်တွင်းက ရေးခဲ့သည့် ကျွန်မ၏ ဝတ္ထု ၂ ပုဒ်ကို တစိုးတစိမျှ မပြင်ဆင် မဖြည့်စွက် မဖြတ်တောက်ဘဲ ရိုက်နှိပ်စေခဲ့ပါသည်။

ကြည်အေး
၇-၁၂-၆၄

[ ၁ ]

မောလိုက်တာ။

တင်မေသည် အသက်ကိုတောင်မှ မျှဉ်းပြီး ရှူရလေသည်။ လေကို ဝဝများ ပင့်သွင်းပြီး ထုတ်လိုက်ရလျှင် အသက်ပါ ပါသွားမလား အောက်မေ့ရ၏။ ရင်ထဲက ကျပ်လှပါတကား။ အထူးသဖြင့် ဘယ်ဘက်ရင်ဘတ်က အောင့်လှသည်။ ရင်ထဲက အဆို့အကျပ်သည် လည်ပင်းရောက်အောင် တက်လာပြီး တင်မေသည် နာကျင်ရှုံ့မဲ့၍ ချောင်းဆိုးချလိုက် ရလေသည်။

တံတွေးကို ဝေးဝေးရောက်အောင် ထွေးပစ်လိုက်သည့်အခါ အနီရောင်ကို မြင်လိုက်ရ၏။ ပါးစပ်ထဲတွင် ငန်ငြိချိုမြပြီး အော့ချင်လာလေသည်။ မိုးစိုသည့် လက်ကိုင်ပဝါနှင့် နှုတ်ခမ်းကို သုတ်လိုက်ရာ သွေးတွေ စွန်းပေလာသည်ကို မြင်ရ၏။ တင်မေသည် စိတ်မကောင်းဖြစ်သွားသော်လည်း ပြုံးလိုက်ကာ လက်ကိုင်ပဝါတွင် မိုးရေနှင့်သွေး ရောပြီး ပြန့်ပြန့် လာသည်ကို ငေးနေမိလေသည်။

http://www.cherrythitsar.org



ချောင်းဆိုးသွေးပါ။

"တယ် အခေါ်ယဉ်တဲ့ရောဂါပဲ၊ ဟင်....နာမည်ကိုက အဓိပ္ပာယ်ကို ပြောပြနေတယ်"

တင်မေသည် သဘောကျစွာပင် ရယ်လိုက်မိချေသေးသည်။ တင်မေနှင့် ဤရောဂါမှာ အတော်ပင်အကျွမ်းဝင်နေပြီ ဖြစ်၍ ရိုးနေကာ ကြောက်ရမှန်းပင်မသိတော့ချေ။ ဒါမှ မဟုတ်လည်း မလွတ်နိုင်တော့သည့်အတူတူမို့ မကြောက်တော့ခြင်း ဖြစ်နိုင်ပေသည်။ တင်မေသည် ဤရောဂါမှ ဘယ်နည်းနှင့်မျှ အထမမြောက်နိုင်တော့ပြီ ဆိုတာကို သိရလေပြီ။

ဆရာဝန်ပြောစကားမှာ အတော် စိတ်ဝင်စားစရာ ကောင်းလှသည်။ တင်မေ့ ကိုယ်ထဲက အဆုတ်မှာအဆုတ် မဟုတ်တော့ဘဲ ပိုးအိမ်ဖြစ်နေပြီ ဆိုပါကလား။ တင်မေသည် ထိုစကားကို ခိုးနားထောင်၍ ကြားရပြီးကတည်းက အသည်းတွေ နှလုံးတွေ ကြားထဲက အဆုတ်မဟုတ်တော့သော ညိုပုပ်ပုပ် အခဲကြီးကို မြင် မြင်နေမိလေသည်။

တင်မေ့ ရှေ့မှာမူ ဆရာဝန်သည် မျက်နှာကိုအရွှင်ဆုံးထားကာ "ဘာမှ မကြောက်နဲ့၊ ပျောက်အောင်ကုပေးမယ်"ဟု တတွတ်တွတ် ပြောလျက်ရှိလေသည်။

တင်မေသည် ဆေးထိုး မခံတော့ချေ။ ဘာ အကျိုးထူးတော့မလဲ၊ အမြန်ဆုံး သေဆုံးသွားခြင်းသာ အမြန်ဆုံးရောဂါပျောက်ခြင်း ဖြစ်သည်။ ခုလို အခြေအနေမျိုးမှာဘာ့ကြောင့် ကတ်သီးကတ်သတ် အသက်ခဏ ရှင်နေ

http://www.cherrythitsar.org



တော့မလဲ။ ပြီးတော့ ရောဂါဆိုးကြီးနှင့် လူမမာအတွက် တစ်အိမ်လုံးလည်း စိတ်ညစ်ကြောက်လန့် နေကြရသည်။ ချောင်းဆိုးသွေးပါသည် ကူးလည်း ကူးစက်တတ်သေး သည်ဆို....။

တစ်ခါတစ်ခါတော့လည်း ဆရာဝန် အားနာ၍ အလျှော့ပေးရသေး၏။ တွေ့ဖူးသမျှထဲမှာဆိုလျှင် တင်မေ့ ဆရာဝန်သည် ပိုက်ဆံကို မတွက်ဆုံး၊ စိတ်ကောင်း အရှိ ဆုံး ဖြစ်သည်ဟု ထင်လေသည်။ ညကြီးမင်းကြီးမှာပေ မည့် မွေ့ပွေးပေါလှသည့် မြရာကုန်း လယ်ကွင်းတွေကို ဖြတ်ကာ တင်မေဆီ လာလေသည်။ တင်မေ မသိဘူး မှတ်၍ ဆရာဝန်က ညာပြောသမျှကို တင်မေက ယုံချင် ယောင် ပြန်ပြီး ဆောင်ရသည်၊ ဆေးထိုးခံရသည်။

"အားမငယ်နဲ့နော် သမီး" ဟု သူက ဆိုတတ် သည်။

တင်မေမှာတော့ ဘယ်လိုစကားမျိုးကိုပဲ ကြားရ ကြားရ၊ ဘာမှ မဖြစ်တော့ပါ။ ကိုယ့်ကိုယ်ကို သိတာထက် ဘယ်သူက ပိုသိဦးမှာလဲ။ မှန်ကိုကြည့်လိုက်လျှင် နက်ရာ ကညို ညိုရာက မီးခိုးသွေးပေါက်နေသည့် ဆံပင်ခြောက် များ၊ အသားအဝါနှင့် နှုတ်ခမ်းအပြား၊ မျက်လုံး ကြည် လောင်လောင်။ အသက်ဆိုသည့် မီးတောက်ကလေး သည် တင်မေ့ကိုယ်ထဲတွင် ဖျော့တော့ အားနည်းလှစွာ ငြိမ်းလု ငြိမ်းလုနှင့် တောက်နေသည် ဆိုတာကို သိရ ပေမည်။

ချောင်းဆိုး သွေးပါနှင့်ပင် မောင်လေးအပု ဆုံးဖို့

http://www.cherrythitsar.org



ဆယ်ရက်လောက် အလိုမှာ မြင်ရသည့်ရုပ်နှင့် အင်မတန်တူသည်။

ထို့ကြောင့် ဘယ်စကားမျိုးကို ကြားရ ကြားရ၊ တင်မေစိတ်ထဲ ဘာမှ မဖြစ်တော့ပါ။ ဘဝ၏ နောက်ဆုံးနေ့ကိုသာ တွေးနေမိသည်။ ထင်မြင်ထားသလောက် မနီးသည့်အတွက် စိတ်တောင် မရှည်နိုင်တော့။ လှိုင်းအောက်ရောက်သွားပြီထင်ကာ ကျောက်ဆောင်နှင့် ရိုက်ဆောင့်ဖို့ကို မြင်နေသော်လည်း နောက်ဆုံး ဂယက်တစ်ပွေ့မှာ လှိုင်းထိပ် ပြန်တက်ရခြင်းကို ဒေါသ ဖြစ်နေလေသည်။ လှိုင်းထိပ် တက်ရခြင်းမှာလည်း အကောင်းမှ မဟုတ်ဘဲ၊ နောက် သည့်ထက် နှစ်ဆ ဟိုက်သွားသည့် လှိုင်းချောက်ထဲကို တလိမ့်ခေါက်ကွေး ဆင်းဖို့ပဲ မဟုတ်လား။ ပန်းလှပါပြီကွယ်. . . . . ။

တင်မေသည် ရင်ထဲမှာ တစ်၊ နှာခေါင်းထဲမှာ မွန်းပြီး ပါးစပ်ထဲမှာ သွေးနှင့်ချွေးတွေ ပြည့်ကာ ဝေဒနာကြောင့် ရူးသွားမလား အောက်မေ့ရသည့် အခါမျိုးကို လိုသည်ထက် ပို၍ တွေ့နေရသည်ဟု ယုံကြည်၏။ အကြမ်းဆုံးကနေပြီး တဖြည်းဖြည်း မျှဉ်းကာ ရောဂါ ပျော့သွား ပြန်သည့်အခါမှာ ဒေါသ ဖြစ်ရလေသည်။ ခံရလွန်း၍ သေမင်းကိုတောင်မှ ‘ကယ်တင်ရှင်’ ဟုပင် အယူသီးမိတော့ မလိုလို။ ထိုအခါမျိုးဆိုလျှင် တင်မေသည် အိပ်ရာက မထနိုင်သေးသမျှ အံတကြိတ်ကြိတ်ဖြစ်နေပြီး ထနိုင်သည့်အခါဆိုလျှင် အိမ်၏ ခေါင်းပြုရာ ကိုက်နှစ်ရာကျော် ကွာသည့် မြရာကုန်းချောင်းကို လာခဲ့မြဲဖြစ်လေသည်။

http://www.cherrythitsar.org



ယခုလည်း ကြည့်လေ........တင်မေ့ရှေ့မှာ မြရာကုန်းချောင်း။

ခါတိုင်းတော့ မရေမရာနှင့် လာပြီး ရေပြင်ကို ကြည့်ကာ အိမ်သို့ ပြန်ရောက်မြဲ ဖြစ်ရလေသည်။ ယခု အခါမူ တထစ်ချ ဆုံးဖြတ်ပြီးပြီ။

ယခုအိမ်မှ သည်နေရာ ရောက်အောင်ပင် မနည်း ထွက်ပြီး လာခဲ့ရလေသည်။ မနေ့ကဆိုလျှင် ခြံထဲ လမ်း လျှောက်နိုင်ရုံ ရှိသေးသည်။ မနေ့က၏ အရှေ့က ရက် များမှာတော့ တင်မေသည် မည်းမှောင်ချိုင့်ဝှမ်းသည့် လှိုင်းချောက်ကြီးထဲကို ရိပ်ခနဲ လျှောခနဲ ကျ ကျ ကျနေ သည့် နေ့များ ဖြစ်ချေသည်။ သို့သော်လည်း ကြုံဖူးနေပြီ ဖြစ်၍ ဒါဟာ အဆုံးစွန်သောချောက် မဟုတ်သေးပါဘူး ဟု အိပ်ရာပေါ် လူးလှိမ့်နေသည့်ကြားကပင် သတိတရရ ဖြစ်နေပေသေးသည်။

ခါတိုင်းလို အံကြိတ်ပြီး မတွေးဘဲ ခေါင်း အေးအေးထား၍ တွေးကာ မြရာကုန်း ရေနက်သို့ လာခဲ့ ပါသည်။

အိမ်ကလူတွေ လစ်စဉ်မှာ ထွက်ခဲ့ရသည်။ မိုး တွေကလည်း ဖွဲလို့ပါကော။ လေ၏ အအေးက စူးရှလှ သည်။ ဆွယ်တာနှစ်ထပ်၊ ကုတ်အကျီ အပေါ်က ဝတ်ထား လျက်ကတောင် တစ်ကိုယ်လုံး တုန်နေသေးသည်။ မိုးဖွား တွေထဲ တိုးလာပြန်တော့ အသားတွေ ကျဉ်ပြီး ထုံနေကာ ဘာဖြစ်လို့ ဖြစ်မှန်းပင် မပြောတတ်တော့ပါ။ တောက် သာ ခေါက်မိတော့သည်။ မိုးရေကြောင့် ထမီက စိုထိုင်း

http://www.cherrythitsar.org



ထိုင်းနှင့် အောက်တစ်ပိုင်း ရွှဲနေ၏။ ခေါင်းကို မိုးထိပြီး ဆံပင်တွေ ပူကျွမ်းနေသလိုပင်။ သို့သော်လည်း ဂရုမစိုက်။

မောပန်းစွာပင်၊ သို့သော်လည်း ဖြောင့်ဖြူးစွာပင် မြရာကုန်းချောင်းစပ်က ဇလပ်ပင်ကြီးအောက်ကို ရောက်ခဲ့၏။ မိုးစိုသည့် နုံးမြေပေါ် ပစ်ချထိုင်လိုက်ပြီး အမောပြေတော့မှ ရင်ထဲက အဆို့အကျပ်သည် ပါးစပ်ပေါ် တက်ခွင့်ရကာ ချောင်းဆိုးပြီး ထွေးထုတ်ပစ်နိုင် အားတော့သည်။ အအေးနှင့် ချောင်းဆိုးသွေးပါ။ သို့သော်လည်း ဂရုမစိုက်၊ ဂရုမစိုက်။

တင်မေသည် ဂရုမစိုက် ဆိုသည်ထက် ပြင်းထန်သော စကားလုံးကို လိုချင်သေး၏။

ချောင်းဆိုးလိုက်ရင်း၊ သွေးပါလာရင်း၊ ထွေးပစ်လိုက်ရင်းနှင့်ပင် တင်မေသည် မြရာကုန်း ချောင်းရေပြင်ကို ငေးကြည့်မပြန်လေ၏။

ရေပြင်ပေါ်မှာ အမှုန်ဆုံး မိုးဖွားကလေးများသည် စိပ်စိပ်လျှောက်ပြေး နေကြလေသည်။ အနှောင့်အယှက်မရှိသော နွေကာလ၏ ရေပြင်လို မျက်နှာတင်း၍ မနေဘဲ ဝါညစ်ညစ်နှင့် အနယ်လည်း ထနေသည်။ နွေအခါဆို လျှောင်ကျောက်ချောပမာ ရေပြင်ပေါ် ထိုင်၍ပင် ရမည်ဟု တင်မေ ထင်ခဲ့ဖူးလေသည်။ ယခုတော့ ရေပြင်သည် ပျော့ညံ့လှသည်။ တင်မေသည် ဟို့အောက် နွံတောထဲအထိ နှစ်သွားနိုင်သည်။

လေပြင်း ဝှေ့လိုက်ပြီဆိုလျှင် ဇလပ်ကိုင်း ဇလပ်ရွက်များပေါ်မှာ ခိုနေသည့် မိုးရေပေါက်ကြီးများသည်

http://www.cherrythitsar.org



ဖြန်းခနဲ၊ ရှဲခနဲ ကျလာတတ်သည်။ တင်မေသည် အငေး ပျက်၍သွားကာ သွေးပေသော လက်ကိုင်ပဝါနှင့်ပင် မျက်နှာကို သုတ်ပစ်ရပြန်သည်။

လေသည် ဇလပ်ကိုင်းများကို ကိုင်လှုပ်နိုင်အောင် ကြမ်းလျှင်တော့ ပြောင်တင်းတင်း စိမ်းမြမြ ဇလပ်သီး များသည် တဖုတ်ဖုတ် ကြွေကျလေသည်။ တချို့က တင်မေ့ကျောဘက် သဲခပ်သိပ်သိပ်နှင့် နုံးမြေပေါ်ကျကာ တစ်လိမ့်နှစ်လိမ့် လိမ့်သည်။ တချို့ကမူ တင်မေ့ ခြေရင်း ဘက် ရွှံ့ပျော့ချောင်းစပ်ကို ကျကာ တစ်ဝက်နစ်ပြီး ငြိမ် နေသည်။ တချို့က မြရာကုန်းချောင်း ရေထဲကျကာ ပေါ လော ပေါလောနှင့် မျောချင်ရာ မျောသွားကြလေ သည်။

ဇလပ်သီးများ ရေထဲကြွေသည်ကို တင်မေ စိတ် ဝင်စားလေသည်။ ဇလပ်ပင်ကြီးသည် ချောင်းဘက်သို့ ကိုင်း၍ အရိပ်သည် ချောင်းလယ်သို့ကျကာ နေတတ် သည်။ ဇလပ်သီးများသည် ချောင်းရေထဲ ကျတာသာ များ သည်။

ဟော....ကြည့် တစ်လုံး ကြွေပြန်ပြီ.....ကြွေပုံကို ကြည့်စမ်း။

ရေပြင်သည် လှိုင်းရှုရှုကြွကာ ပလုံစီနေသဖြင့် ဇလပ်သီးသည် စွက်ခနဲ သဲ့သဲ့မြည်ကာ ခဏနစ်ပြီး ပြန် ပေါ်လာသည်။ ရေပန်းသေးသေး ကြီးကြီးများ ဖွာ၍ ထကာ ပတ်လည်ကို စင်ပြီး ကျသည်။ ထို့နောက်ကား ဂယက်ကလေးများ လှုပ်ရှားခြင်း။ ထို့နောက်ဆိုလျှင်ကား

http://www.cherrythitsar.org



ပျော့ညံ့သည့် ရေပြင်ပေါ် မိုးဖွားစိပ်စိပ်ကလေးများ လျှောက်ပြေးနေကြ ပြန်လေ၏။

တင်မေ ရေထဲကျသွားလျှင် ခုလိုပင် အသံမြည် ရေပန်းစင်၊ ဂယက်ထ၊ မြုပ်ချီ ပေါ်ချီဖြစ်ကာ.....နောက်ဆုံး နစ်ပြီး၍ သုံးလေးရက်ကြာသော်....ခုန ဇလပ်သီးလိုပင် ရေပေါ် ပေါလောပေါ်ကာ မျောလိုရာကို မျောရပေမည်။ တစ်ခုပဲ ကွာမည်။ မိမိက သက်ရှိသတ္တဝါဖြစ်၍ သေခြင်းနှင့် ရှင်ခြင်းကြားထဲက အလွန်တရာ သေးငယ်လှသည့် အချိန်ကလေးမှာ နောင်တတရား ဖြစ်ပေါ်ပြီး ကြောက်ရွံ့ရုန်းကန်မှု ရှိချင် ရှိလာမည်။

သည်တစ်ချိန်ကလေးကို မုန်းကာ သတ်သေဖို့ရာကို တင်မေ မာနကြီးခဲ့ခြင်း ဖြစ်လေသည်။ အရင်တုန်းက ဤမြရာကုန်းချောင်းကို လာမိတိုင်း ထိုအတွေးကို ရောက်ကာ အိမ်ပြန်စမြဲ ဖြစ်ချေသည်။ စင်စစ် ယခုလည်း မုန်းတုန်းပါပဲ။ သို့သော်လည်း သည်အခါတော့ သေဖြစ်ပေတော့မည်။ သေဖြစ်ပါစေဟုလည်း ထပ် ထပ် ဆိုနေမိသည်။

လူတွေ၏ အပြောကိုလည်း ဂရုမစိုက်တော့ပြီ။

တင်မေ သေသွားလျှင် မိဘနှစ်ပါးသည် မောင်လေး သေတုန်းကလို ငိုယိုကြပေမည်။ ခဏကြာတော့ မောင်လေးကို မေ့ပျောက်သွားသလိုပင် တင်မေ့ကို မေ့ပျောက်သွားကြပေမည်။ မေမေကဆိုလျှင် ဘုရားရှိခိုးပြီးတိုင်း 'တင်မေရေ....အမျှ အမျှ' ဟု ဆိုချင် ဆိုပေမည်။

ကိုကျော်က ဆိုလျှင်တော့ 'ကံဆိုးတဲ့ တင်မေ'ဟု

http://www.cherrythitsar.org



ငိုရှိုက်မည် ထင်သည်။ သူ့တစ်သက်လုံးမှာ စိတ်မကောင်းစရာ တစ်ချက် ရချင်လည်း ရမည်။ သို့သော်လည်း တင်မေ့ကို နားမလည်ခြင်းဟာ ပိုပြီး ကြီးမားလာမှာ အမှန်ပင်။

ဆရာ အောင်မင်းကတော့ 'မိုက်တဲ့ ကလေးမပဲ' ဟု ယူကျုံးမရ ညည်းရှာပေလိမ့်မည်။

မိုက်တယ်ဆိုလျှင် တင်မေ ခံနိုင်၏။ စင်စစ် လိမ္မာခြင်းဆိုတာမှာ သတ္တိမရှိခြင်းလည်း ပါသည် ထင်လေသည်။ သို့သော် ဆရာက တစ်ခါပြောသည်မှာ 'သတ်သေတယ်ဆိုတာ ပျော့တယ် ညံ့တယ် ဆိုတာကို ပြတာပဲ'ဟု ဖြစ်သည်။

အခက်အခဲကို မတွေ့ရဲ၍ သတ်သေခြင်းမှာ ပျော့ညံ့တယ်ဆိုတာ တင်မေ ဝန်ခံပါ၏။ သတ်သေမှုပေါင်းများစွာတွေထဲမှာ တင်မေ ချီးမွမ်းမိဖူးတာလည်း တစ်ခါမှ မရှိခဲ့။ သို့သော် ယခုမူ တင်မေသည် မိမိအတွက် ပြန်လှန် ခံငြင်းချင်သည်။ တင်မေ ဘယ်တုန်းက အခက်အခဲကို ကြောက်ခဲ့ဖူးပါသလဲ။ တခြားလူတွေလို ဖြုန်း ဒိုင်းနှင့် စိတ်မာန်ထကာ တစ်ရှူးထိုးသေသည့် သဘောမျိုးလည်း မဟုတ်။ တင်မေသည် စိတ်ဆိုးနေတာလည်း မဟုတ်။ ကြောက်ရွံ့စရာလည်း မရှိဘဲ. . . . အေးဆေးစွာ လာခဲ့ပေသည်။ အေးဆေးစွာ တွေးခဲ့ပြီးပြီလေ။

ရက်ပိုင်းလောက်သာ အသက်ရှင်ဖို့ ရှိသည့် တင်မေ မဟုတ်လား။ ပြီးတော့ တင်မေမှာ လူ့ဘဝက ဆောင်ယူသွားစရာ ဘာမှ မရှိ။ အမွဲကြီးမွဲတဲ့ တင်မေပါ။

စဉ်းစားကြည့်စမ်းပါကွယ်....။ သည်မြရာကုန်း

http://www.cherrythitsar.org



ချောင်းကို ရောက်အောင် ဘယ်လို လာခဲ့ရတယ် ဆိုတာ ကို.....။

တင်မေသည် နှမ်းလျစွာ ဇွတ်တိုးပြီး လာခဲ့သည့် လမ်းကလေးကို လည်ပြန်ကြည့်မိလေသည်။

http://www.cherrythitsar.org



[ ၂ ]

၆ နှစ်သမီးအရွယ် အထိတော့ တင်မေသည် ကလေးတို့၏ မသိ မတတ်ခြင်း၏ အကျိုးကျေးဇူးကြောင့် ပျော်ရွှင်စွာ နေခဲ့သည်ဟု ထင်မြင်လေသည်။

သို့သော်လည်း လွမ်းလောက်စရာ မရှိလှသည်မှာ ထိုအရွယ်အထိ နေခဲ့ ထိုင်ခဲ့ရပုံကို သိပ်မမှတ်မိသောကြောင့်ပေတည်း။

ထိုအရွယ်တုန်းက တင်မေသည် အလွန်တရာမှ ကြောက်တတ်လှသည့် ကလေးမကလေး ဖြစ်ခဲ့လေသည်။ ပုရွက်ဆိတ်ကိုလည်း 'ပိုးကောင်ကြီး'ဟု အော်ကာ လူကြီးရင်ခွင်ထဲ ပြေးဝင်သည်။ မိုးရာသီမှာဆိုလျှင် လျှပ်စစ်တွေ၊ မိုးကြိုးတွေကို ကြောက်လွန်း၍ အိပ်တောင်မပျော်ပါပြီ။ တင်မေကလေးသည် အရာကြီးများ၊ ပေါက်ဖော်ကြီးများနှင့် ဗမာ တောသားကြီးများကိုလည်း မော့၍ပင် မကြည့်ရဲချေ။ သည်အထဲ သရဲကိုလည်း မမြင်ဖူးပဲနှင့် ကြောက်နေလိုက်သေးသည်။ တင်မေအဖို့ လောကကြီး တစ်ခုလုံးသည် ကြောက်စရာကြီး ဖြစ်လေသည်။

http://www.cherrythitsar.org



ခက်သည်မှာ တင်မေသည် ဖေဖေနှင့် မေမေကို လည်း ခပ်ကြောက်ကြောက်ပင် ရှိသည်။ ဖေဖေသည် တစ်အိမ်လုံးအပေါ် စိုးစံ၍ အာဏာပြင်းပြသော မင်းပမာ ပင် ဖြစ်ချေသည်။ သူ့မျက်နှာထားက ခပ်တင်းတင်း၊ သူ့အသံကလည်း ဩဩ၊ ဒေါသကလည်း နည်းနည်း ကြီးတတ်သေးသည်။ မြရာကုန်းတစ်ဝိုက်ရှိ လယ်များကို စီမံခန့်ခွဲကာ အိမ်မှာ နေသည်ဟုလည်း မရှိသဖြင့် ခင်မေ၊ တင်မေ၊ အပု စသော သား သမီး သုံးယောက်နှင့် ခပ်စိမ်း စိမ်း ရှိသည်။ ထို့ပြင် ဖေဖေသည် အရိုအသေ ကြိုက်သဖြင့် သားသမီးများကို အရော မဝင်ချေ။ မေမေကတော့ ကျွန် နှင့်တူသော မယား၊ မေမေနှင့်လည်း သားသမီးများသည် ရောရောဝင်ဝင် နေ၍ မရ၊ မေမေသည် မြရာကုန်းချောင်း တစ်ဖက်ကမ်းက ဆန်စက်မှာချည့် အချိန်ကုန်ရချေ သည်။

တင်မေ၏အစ်မ ခင်မေကို ရန်ကုန်ကျောင်းသို့ ဘော်ဒါ ပို့၍ထားကာ၊ မောင်လေး အပုကလည်း အာယား နှင့်နေသော ကလေးအရွယ်ဖြစ်၍ တင်မေသည် ဒေါ်ဒေါ် ကိုသာ ပွတ်သီးပွတ်သပ် လုပ်နိုင်လေသည်။ တင်မေ့ ဒေါ်ဒေါ်မှာ မေမေ့ညီမ တစ်ဝမ်းကွဲဖြစ်၍ အသက် သုံး ဆယ်ရွယ် ရုပ်လှလှ ဖြစ်လေသည်။ ဒေါ်ဒေါ်သည် တင်မေ ကို အချစ်ဆုံးဖြစ်၍ ချွဲနွဲ့သမျှကို အလိုလိုက်သည်။

တင်မေသည် တစ်ခု သတိထားမိ လာလေ သည်။ ဖေဖေသည် နေ့ခင်းချိန် မေမေ အိမ်မှာ မရှိတုန်း အိမ်ပြန်ပြန် လာတတ်လေသည်။ တင်မေသည် ဖေဖေနှင့်

http://www.cherrythitsar.org



ဒေါ်ဒေါ်တို့ စကားပြောနေကြလျှင် အလိုလို ရွံ့သလိုလို ဖြစ်ကာ ဒေါ်ဒေါ့်ရင်ခွင်ထဲက ဆင်းကာ ခြံတွင်းကို ထွက်လာပြီး မြက်ပင်များကို နှုတ်ကစား နေရသည်။

ရက်များ ဘယ်လောက် ကုန်သွားပါလိမ့်။ တစ်ညမှာ တင်မေသည် အိပ်ပျော်နေခိုက် မေမေက လာနှိုးသည်။ မီး မမှိန်တမှိန်မှာ မေမေ့မျက်နှာပေါ်က မျက်ရည်များကို မြင်ရ၍ ထိတ်လန့်မိလေသည်။ အိမ်ရှေ့မှ ဖေဖေ၏ တတွတ်တွတ် ရေရွတ် ကြိမ်းမောင်းသံများကို ကြားရလေသည်။ တင်မေသည် ဖေဖေ့စကားများကို ဘယ်တော့မှ နားမလည်ချေ။ လေသံကိုက မီး၏ အခိုးအငွေ့များပါသလို ပူကာ....ပိတုန်း၏ ညည်းသံပမာ တဗီဗီမြည် ကာ စကားလုံး မကွဲပြားဘူး ထင်မိသည်။

တင်မေသည် အိပ်ချင်မူးတူးနှင့် ဟိုဘက် သည်ဘက် လိုမ့်ကာ နေပြန်ရာ မေမေက အတင်းဆွဲထူမှ ထဖြစ်သည်။ သေသေချာချာကြည့်တော့ မောင်လေးကို မေမေ့ပခုံးပေါ် အိပ်ပျော်နေသည်ကို မြင်ရ၏။ အာယားက သေတ္တာနှစ်လုံးနှင့် မေမေ့နောက်မှာ ရပ်နေ၏။ အာယား၏ အမူအရာမှာ ထိတ်ထိတ်ပျာပျာနှင့် ယောင်ကန်းကာ ငိုနေပုံလည်း ရလေသည်။

"ဟော့ သွားရင် မြန်မြန်သွား"

ဖေဖေ့ အသံလေ။ ကျားဟိန်းသလိုပဲ။ တင်မေသည် ထိုစကားသံကို ကြားသော်လည်း ဘယ်သူ့ကို ဘာအဓိပ္ပာယ်နှင့် ပြောမှန်း မသိပေ။

မေမေက "သွားပါ့မယ်တော်....လင်မယား

http://www.cherrythitsar.org



နှစ်ယောက် ပျော်ပျော်နေခဲ့ကြပါ” ဟု ငိုသံကြီး နှင့် ပြန်ပြောသည်။

တင်မေသည် ဘာမှန်းမသိသော်လည်း မျက်ရည်စမ်းစမ်းနှင့် ငိုဖို့ အသင့်ဖြစ်လာကာ အားကိုးရာ ဒေါ်ဒေါ်ကို ရှာကြည့်သည်။ မတွေ့နိုင်၊ ဘယ်သွားနေပါလိမ့်။ ဖေဖေသည် ပြန်းခနဲထပြီး ခေါက်တုံ့ခေါက်ပြန် လျှောက်တော့မှ ဒေါ်ဒေါ်ကို ကုလားထိုင်ပေါ် မြင်ရသည်။ စောစောက ဒေါ်ဒေါ်ရှေ့က ဖေဖေထိုင်နေလို့ ကွယ်နေတာပဲ။

‘ဒေါ်ဒေါ်’ သို့သော်လည်း အသံသည် တင်မေ့နှုတ်ခမ်းပေါ် မရောက်ခင် ပျောက်ပျက်သွား၏။ ဒါဒေါ်ဒေါ်မှ ဟုတ်ရဲ့လား....ခါတိုင်း ပြုံးချိုပြီး အလိုလိုက်သည့် မျက်နှာမှာ တင်မေ နားမလည်သည့် ကြောက်စရာကြီးတွေကို တွေ့ရလေသည်။ နှုတ်ခမ်းက ပြုံးနေတာလား၊ မဲ့နေတာလား မဆိုနိုင်။ ပြုံးတာဆိုလျှင်တော့ ရက်စက်တဲ့အပြုံး၊ မဲ့တာဆိုရင်တော့ မထီလေးစား အငေါ့။

ဒေါ်ဒေါ်သည် တုန်လှုပ်နေသော တင်မေကို မျက်မှောင်ကုတ်လိုက်သေး၏။

တင်မေသည် ထိုအဖြစ်အပျက်ကလေးကို စွဲ၍နေလေသည်။ မျက်စိထဲ အားလုံးမြင်၍ နေလေသည်။ နုနယ်သည့် ကလေးစိတ်ကလေးမှာ ဒဏ်ရာရသလို ဖြစ်နေ၏။ တော်တော် ကြီးသွားသည့်အထိ နေမကောင်းသည့်အခါများမှာ တစ်စေ့မကျန် အိပ်မက်ပြန်ပြီး မက်တတ်သည်။

ထို့နောက်မှ မေမေနှင့် ကလေးတို့သည် ရန်ကုန်

http://www.cherrythitsar.org



သို့ ရောက်နေသည်ကိုသာ မှတ်မိတော့သည်။ တင်မေ၏ စိတ်ထဲတွင် မရှင်းချေ။ အာယားမှာလည်း ဗမာစကားကို ပီပီ မပြောနိုင်သော ကုလားမကြီး ဖြစ်၍ တင်မေသည် စွန့်ကာ မေမေ့အနားကပ်ပြီး မေးမိသည်။

"မေမေနဲ့ ဖေဖေ ဘာဖြစ်လို့လဲ....ဟင်.... ဒေါ်ဒေါ်က.... "

"ဘာ ဒေါ်ဒေါ်လဲ၊ မယားငယ် ကောင်မ"

မေမေက ဒေါသတကြီးနှင့် တင်မေ့ကို အော်လေသည်။ ထိုကြောင့် ချောင်တစ်ချောင်သို့သွားကာ အသံမထွက်အောင် ငိုရတော့သည်။ ငိုတုန်း တွေးနေသည်မှာ'မယားငယ်'ဆိုတာ မကောင်းတဲ့ဟာတော့ အမှန်ပဲ။ တစ်ခုခုပဲ၊ ထူးဆန်းတယ်....။ ထို့ပြင် စကားလုံး အသံကိုက နားကို ထိုးဆွသည်ဟု ထင်မိလေသည်။ အဓိပ္ပာယ် မသိလျှင် နေပေစေ။

မေမေသည် ဆွေမျိုး မိတ်ဆွေများကို ဇာတ်စုံခင်း၍ တိုင်တတ်လေရာ....တင်မေသည် နားလည်နိုင်သမျှနှင့် စိတ်မချမ်းသာ ဖြစ်ရလေသည်။ အဘယ်ကြောင့် ဆိုလျှင် သည်အခါမျိုးမှာ မေမေသည် မျက်ရည် ကျတတ်သည်။ 'မယားငယ်'၊ 'လင်ခိုးမ' စသည့် ကြောက်လန့်စရာ စကားလုံးကြီးများကို သုံးတတ်လေသည်။ တင်မေသည် မေမေ့ကို သနားလည်းသနား ကြောက်လည်း ကြောက်ကာ ဒေါ်ဒေါ်ကို လွမ်းနေရသေး၏။ ဖေဖေ့အကြောင်းတော့ မတွေးချင်။

"ဒင်းရုပ်ရည်နဲ့ လင်တစ်ယောက် ရနိုင်ပါတယ်

http://www.cherrythitsar.org



ရှင်။ ကျွန်မလင်ကိုမှ လုယူမှ မဟုတ်ပါဘူး” စသည်ဖြင့် မေမေသည် ဒေါ်ဒေါ်ကိုချည်း အပြစ်ဖို့ကာ ပြောတတ်သည်ကို မှတ်မိနေလေသည်။ ဟိုတုန်းက နားမလည်သော်လည်း စကားလုံးများကို နားထဲမှာ ရနေကာ ကြီးလာတော့ ပြန်၍ကြားပြီး အဓိပ္ပာယ်သိရသည်။

နောက်ဆုံးမှာမူ ဖေဖေ လာခေါ်၍ သားအမိတစ်တွေ အိမ်ပြန်ကြလေသည်။ တင်မေမှာမူ ပျော်ဖွယ်ရာအကွက် မမြင်တော့ပေ။ ကလေးအရွယ်ကလေးနှင့် မလိုက်အောင်ပင် စိတ်ညစ်နေတတ်လေသည်။ မေမေနှင့် ဖေဖေသည် အမြဲတမ်း ရန်ဖြစ်ကာနေသည်။ ဒေါ်ဒေါ်မျက်နှာမှာ အပြုံးအချိုကို ရှာ၍ မတွေ့ပါပြီ။ တင်မေသည် ဘယ်သူနှင့် နေရမှန်း မသိဘဲ ခြံထဲဆင်းကာ သစ်ပင်များကို အဖော်လုပ်ရလေသည်။

ခင်မေသည် ကျောင်းပိတ်၍ ပြန်လာကာ ဒေါ်ဒေါ်နှင့် မကြာခဏ ရန်ဖြစ်လေသည်။ ခင်မေမှာ ၁၃ နှစ်ခန့် သိတတ်သည့်အရွယ် ဖြစ်၍ မေမေ့ သံယောင်လိုက်ကာ နေလေရာ တစ်အိမ်လုံးသည် စောင်းမြောင်းသည့်စကား၊ ငေါ့လိုက်သည့်စကား၊ မနာ နာအောင်ပြောသည့် စကားများနှင့် လွတ်သည့်နေရာဟု မရှိတော့ဘဲ ဖြစ်နေလေ၏။ တင်မေ၏ လွတ်မြောက်ရာ လမ်းကတော့ ခြံထဲဆင်း၍ ပန်းပင်နုတ်။

တင်မေ့ အဖို့ရာ ဒေါ်ဒေါ့်ကို မုန်းဖို့ မဖြစ်။ တင်မေနှင့် ဒေါ်ဒေါ်မှာ အရင်ကလို ခင်ခင်မင်မင် နေ၍ မရတော့သော်လည်း တစ်ယောက်နှင့်တစ်ယောက်

http://www.cherrythitsar.org



အန္တရာယ် မပြုကြချေ။ သို့သော် တတိ တတိနှင့် နာစရာ ကလေးများသည် စု၍ လာလေသည်။

ဥပမာ....

ခင်မေနှင့် ဒေါ်ဒေါ်သည် မနက်ပိုင်းမှာ စကားများကြသည်ဆိုပါတော့။ နေ့လယ်ကျတော့ ထိုအကြောင်းကို တင်မေ မေ့သွား၏။ သို့သော် ညနေ ဖေဖေ ပြန်လာကာ ဒေါ်ဒေါ်နှင့် စကား တစ်လုံး နှစ်လုံးပြောပြီး ခင်မေ အရိုက်ခံရသည်။ ဖေဖေသည် အပြစ်ကို မတွေ့ တွေ့အောင် ရှာသည့် နေရာမှာတော့ အတော်စွမ်းလေသည်။

မေမေနှင့် ဆိုလျှင်လည်း သည်လိုပင်။ ဒေါ်ဒေါ်မှာ ငွေသုံးစရာ မရှိလျှင် ဒေါ်ဒေါ်နှင့် မေမေသည် စကားမများဘဲ နေ၍ မရတော့ချေ။ စကားများပြီး ဒေါ်ဒေါ်က စိတ်ကောက်ပစ်၏။ ထို့ကြောင့် ဖေဖေက ဈေးဖိုးငွေ ပေးကာ ချော့ရလေသည်။

တင်မေသည် ခင်မေတို့ကျောင်း ပြန်ဖွင့်သော် ရန်ကုန်လိုက်သွားပြီး ကျောင်းနေရသည်။ ကျောင်းပိတ်၍ ပြန်လာသော် ဒေါ်ဒေါ်ကို သမီးကလေးပိုက်လျက် တွေ့ရသည်။ တင်မေ့စိတ်ထဲ ပထမဆုံးဝင်လာသည့် ခံစားရမှုမှာ မပြောပြတတ်အောင် ရှက်ခြင်းပင် ဖြစ်လေသည်။ ဒေါ်ဒေါ်သမီးကလေးမှာ ပူလှသည်။ ညဥ့်နက်သန်းခေါင် အထိ တအားအော်ငိုကာ နေလေသည်။ မေမေနှင့်ဖေဖေကား အိမ်ရှေ့မှာ ရန်ဖြစ်ကာ နေ၏။ ခင်မေက ဒေါ်ဒေါ့်ကို စောင်းမြောင်းပြောဆိုကာ နေ၏။ တင်မေမှာ အိပ်၍မရတိုင်း ဒေါသထွက်ကာ ပြုန်းခနဲထပြီး ဒေါ်ဒေါ့်ကလေးကို

http://www.cherrythitsar.org



ကျောက်တံနှင့် နာနာထိုးမိလေရာ ဒေါ်ဒေါ်၏ အော်တိုင်သံ၊ ဖေဖေ ပြေးလာသံများ၏ နောက်ဆုံးဝယ် တင်မေ့ ကိုယ်ပေါ်သို့ ကြိမ်လုံးသည် အနှံ့အပြား ကျရောက်လေတော့သည်။ တင်မေလည်း ဒေါ်ဒေါ်ကို မုန်း၍ ရသွားလေတော့သတည်း။

[၃]

ရန်ကုန်ကျောင်းတွင် တင်မေအား သွားအပ်သည့်နေ့ကို မှတ်မိနေသေး၏။

ခင်မေ၊ တင်မေနှင့် မေမေ အားလုံးသုံးယောက် သွားကြသည်။ ခင်မေမှာ နေခဲ့ပြီးသော ကျောင်းဖြစ်၍ ရောက်ရောက်ချင်းပင် သူငယ်ချင်းများနှင့် ပါ၍ သွားလေတော့သည်။ တင်မေမှာ မေမေ့နားကို တဖြည်းဖြည်း ကပ်သွားရင်း အနားပါးနီးက လူသူ အသံဗလံကို ငေးမော၍ နေလေသည်။ မုန့်စားလွှတ်ချိန်ဖြစ်၍ ကျောင်းသူကလေးများသည် အော်ချင်သလောက် အော်ကာ ခုန်ချင်သလောက် ခုန်ပေါက်ကစား နေကြလေသည်။ သူတို့ဝတ်ထားသည့် ဂါဝန်ပြာကလေးများကား ရိုးရိုးနှင့် ဆင်တူမို့လားမသိ၊ ကြည့်၍ ကောင်းလှသည်ဟု တွေးနေမိလေသည်။ အင်္ဂလိပ်မကလေးများ၊ တရုတ်မကလေးများနှင့် ကုလားမကလေးများကို ကောင်းကောင်း မမြင်ဘူးသဖြင့် တတမ်းတမ်း လိုက်ကြည့်နေမိ၏။

တင်မေသည် ပျော်သလိုလိုပင် ဖြစ်လာလေ

http://www.cherrythitsar.org



သည်။ ငယ်ငယ်ကလေး ကတည်းက နေချင်ခဲ့သည့် ကျောင်း။ မိခင်မေ အင်မတန်ကြွားတဲ့ ကျောင်းလေ။ တင်မေမှာ ဂါဝန်ပြာလည်း ဝတ်ချင်၏။ ရောင်စုံ အရုပ် ကလေးများနှင့် အေဘီစီ စာအုပ်ကိုလည်း ဖတ်ချင်၏။ ခင်မေ့ထံက တစ်ဆင့် ကြားဖူးရသော မွေးနေ့လက် ဆောင်၊ ခရစ်စမတ် လက်ဆောင်များကိုလည်း လိုချင်၏။ တင်မေသည် ခင်မေ သီချင်းလုပ်၍ ဆိုနေတတ်သော အင်္ဂလိပ် ဘုရားရှိခိုး စာများကိုပင် ရ၍ နေလေသည်။

ကျောင်းအုပ်ဆရာမကြီး၏ ရုံးခန်းသို့ ရောက် သွားသော် တင်မေသည် ရှုပ်လက်တိုအဖြူ၊ ဘောင်းဘီ တိုနက်ပြာနှင့် ဆရာတစ်ယောက်ကို မြင်ကာ ချက်ချင်း ပင် ကလေးတို့၏ ခင်မင်စိတ် ပေါက်၍ လာလေသည်။ သူ့ကိုသာ ကြည့်၍ နေမိရာ သူက သဘောကျသလို ပြုံး၍ ပြလိုက်ရာ တင်မေလည်း အလိုလို ပြုံးမိလျက်သား ရှိလေ သည်။ စင်စစ် တင်မေသည် သူစိမ်းများကို အင်မတန် ကြောက်တတ်သည်။

ကျောင်းအုပ်ဆရာမကြီးနှင့် မေမေကား တင်မေ တို့ ညီအစ်မနှစ်ယောက်အတွက် စကားပြောဆို နေကြ လေရာ တင်မေလည်း မေးခွန်းတစ်ခုတလေကို ပြန်ဖြေရ သည့်အခါ ရှိသေး၏။ တင်မေသည် ဆရာမကြီးကို ကြည့် ရင်း အသားပန်းရောင်၊ ဆံပင်အဝါ၊ မျက်လုံးအပြာနှင့် အင်္ဂလိပ်မကြီး၏ ပါးစပ်မှ ဗမာစကားများ ပီပီသသ ထွက်နေသည်ကို အံ့သြ၍ နေလေသည်။

မြုန်းခနဲ စောစောက ဆရာကို လှည့်ကြည့်မိပြန်

http://www.cherrythitsar.org



၏။ ဆရာက....ခေါင်းကို ဆတ်ခနဲ တော့၍ ရယ်လိုက်ကာ"ကျောင်းသူ အသစ်လား....ဟင်"ဟု မေးရင်း လျှောက်လာလေ၏။ တင်မေသည် ကလေးတို့၏ ရှက်ပြုံးကလေးနှင့် စောင့်ကြိုနေလေရာ ဆရာက တင်မေဘေးတွင် ဆောင့်ကြောင့်ထိုင်ချပြီး ဆံပင်ကလေးကို ဆွဲဖွရင်း "နာမည် ဘယ့်နဲ့ ခေါ်လဲ"ဟု မေးပြန်၏။

တင်မေသည် ဆရာ့ရင်ခွင်မှာ နွေးသွားရင်း ရှက်ကာ တစ်ဖက်သို့ မျက်နှာလွှဲ၍ နေမိလေသည်။ အိမ်မှာဆိုလျှင် မည်သူနှင့်မျှ ဖက်လဲတကင်း မနေခဲ့ဘူးရာ ထူးဆန်းသလို ထင်ရင်းက ဆရာ့ကို သဘောအကျကြီး ကျသွားလေတော့သည်။

"သူ့ကို ဘော်ဒါ ထားမလို့လေ...."မေမေက ပြောပြ၏။

"အို....ငယ်လှချည့်လား....ဖြစ်ပါ့မလား...."ဟု ဆရာက အံ့သြသွားလေရာ မေမေက မျက်နှာပျက်သလိုလို ဖြစ်သွားပြီး "သူတစ်ယောက်တည်းမှ မဟုတ်ဘဲ။ သူ့အမရှိနှင့်သားပဲ.....ရိုဇီလေ..... မသိဘူးလား....ငါးတန်းက ရိုဇီ...."ဟု ပြောသည်။

ရိုဇီမှာ ခင်မေ၏ ကျောင်းနာမည် ဖြစ်လေ၏။

တင်မေမှာ ဆရာ့ကိုသာ ငေး၍နေလေရာ သူက တစ်ခါပြုံးပြပြီး.....

"နာမည် မပေးရသေးဘူးနော်၊ သူက ရိုဇီထက် ချစ်စရာ ပိုကောင်းတယ်။ ကလေးမကလေးက ပန်းပျော့အသွေးနုနုကလေးမို့ 'ချယ်ရီ'လို့ နာမည်ပေးရအောင်"

http://www.cherrythitsar.org



တင်မေသည် အင်္ဂလိပ်နာမည်များနှင့် နီးစပ်ဖူးသည် မဟုတ်၍ အဓိပ္ပာယ် နားမလည်သော်လည်း ဆရာ့ကို သဘောကျပြီးသားမို့ နာမည်ကို အတော်ကြိုက်၍ သွားလေသည်။

ဆရာနှင့် တင်မေသည် နောက်ထပ် အမေးအဖြေများ လုပ်နေကြသေးသည်ကို မသဲမကွဲ မှတ်မိသေး၏။ ဆရာမကြီးနှင့် မေမေက စီစဉ်စရာ ရှိသည်များကို ဆွေးနွေးနေကြသည်။

မေမေက တောနေသူ ဖြစ်သည့်အတိုင်း အယဉ်အကျေးတွေကို တယ် ဂရုမစိုက်ဘဲ... "ဒီ ကျောင်းက ယောကျ်ားဆရာလည်း ရှိသကိုးနော်" ဟု မေးလိုက်လေ၏။

တင်မေသည် မိမိကိုယ်ကို ပွေ့ထားသည့် ဆရာ့လက်မောင်းများ ရုတ်တရက် တောင့်တင်းသွားသည်ကို သတိထားမိ လိုက်လေသည်။ ဆရာ့မျက်နှာကလည်း တစ်မျိုးလိုလိုပင်။ သို့သော်လည်း သည့်ထက် ပို၍တော့ အဓိပ္ပာယ် မရှာတတ်။

"ဩော်....သူက ပုံဆွဲဆရာလေ၊ ဆရာမထဲက ဆိုရင် ပုံဆွဲနိုင်သူ ရှားတယ် မဟုတ်လား။ ပြီးတော့ သူက ကျောင်းမှာလည်း မနေပါဘူး....။ ဟော့....ဆရာကိုအောင်မင်း၊ ကိုယ့်မှာ မိန်းမ ရှိတယ်ဆိုတာ ပြောပြလိုက်ပါဦး"

ဆရာမကြီး၏ ပြက်လုံးမှာ မေမေရော ဆရာရောရယ်ကြသည်။ တင်မေကမူ ဆရာ့အကြောင်း သိသွားရ၍

http://www.cherrythitsar.org



ကျေနပ်၏။ ကျောင်းမှာနေရင် ပိုကောင်းမှာနော် ဟု ပင် တွေးနေမိသေးသည်။ တင်မေသည် ကျောင်းကို မကြောက်တော့ချေ။

မေမေသည် တင်မေတို့ ညီအစ်မကို ထားခဲ့၍ ပြန်သွားသော် တင်မေသည် ဘာကိုမှ တွေးရကောင်းမှန်း မသိဘဲ ကျန်ခဲ့လေသည်။ သူစိမ်းကျောင်း ဖြစ်သော်လည်း အားကိုးစရာ ဆရာအောင်မင်း ရှိပေပြီ။ ဆရာက တစ်နေ့ လုံး သူ့ကို လက်ဆွဲကာ ကျောင်းအနှံ့ လည်ပြသည်။ ရေချိုးခန်း၊ အိမ်သာတောင် မကျန်တော့ချေ။ တစ်ညနေ လုံးကား ကစားကွင်းထဲမှာ ဆော့၍ ပျော်မဆုံး။ တင်မေ သည် ကျောင်းသူကလေးများနှင့်တော့ တွဲချင်စိတ် မရှိ။ ဆရာ့အနားမှာ ကပ်၍ နေချင်သည်။ ပြီးတော့ ညနေ ကျောင်းလွှတ်၍ နေ့ကျောင်းသူတွေ ပြန်ကာ ကျန်ခဲ့သည့် ဘော်ဒါနေသူများထဲတွင် တင်မေအရွယ် မရှိ။ ခပ်ကြီး ကြီးတွေသာ များသည်။

တင်မေသည် မေမေ့ကို ဆရာမကြီး ပြောလိုက် သည့်စကားမှာ မုသားလွတ်ရုံကလေး မှန်သည်ကို သိရ လေသည်။ ဆရာသည် ကျောင်းမှာ မနေသော်လည်း ကျောင်းဝင်းထဲတွင် တစ်ထပ်တိုက်ကလေးနှင့် နေလေ သည်။ ဆရာ့အိမ်မှာ နေချင်စရာ ကောင်း၏။ ပရိဘောဂ မှာ ရိုးရိုးနှင့် ရှင်းစွာ နေရာချထားသည်။ ပြတင်းပေါက် များ၍ လင်း၏။ သို့သော် ဆရာ့မိန်းမကို တင်မေ ခင်မင် စိတ် မရှိချေ။

တင်မေသည် ညနေစာကို ဆရာ့အိမ်မှာ စား သည်။

## ရာပြည့်စာအုပ်တိုက်

http://www.cherrythitsar.org



"ကျောင်း စရောက်တဲ့နေ့ ကျောင်းစည်းကမ်း ကို ဖျက်ပေ့ါ....ဟုတ်လား။ ဒါပေမယ့်....မင်းတို့ ဖေဖေ က သူဌေးဆို....ကိစ္စမရှိဘူး။ ဆရာမကြီးကို မကြောက် နဲ့တော့"

တင်မေသည် ဆရာ့စကား အဓိပ္ပာယ်ကို နား မလည်သော်လည်း မိမိအရွယ်ကလေးကို ကလေးစကား မပြောဘဲ လူကြီးချင်းလို ပြောသဖြင့် ခပ်တည်တည်နှင့် သဘောကျစွာ ပြုံးနေခဲ့လေသည်။

"မင်း ညကျရင်....အိမ်လွမ်းပြီး ငိုနေဦးမှာလား ကွယ်....."

ဆရာ့ စကားသံသည် အမြဲပင် ယုယသည်။

နောက်တစ်နေ့ မနက်မိုးလင်း၍ ဆရာနှင့် ပထမ ဆုံး တွေ့သည့်အခါ မေးသည့်စကားမှာ "ဟေး ညက ကောင်မလေး ငိုတယ် မဟုတ်လား။ မေမေတို့ကို လွမ်းလို့ လေ"

တင်မေက မျက်မှောင်ကြုတ်ကာ ပြုံးပြီး ခေါင်းခါ ပြလေသည်။ တင်မေသည် အိမ်လွမ်းသည် ဆိုတာကို နားမလည်။ ညက ကျောင်းသူတွေ အများကြီးနှင့် အိပ် ခန်းကြီးထဲမှာ အိပ်ကြရသည်။ ခင်မေနှင့် တင်မေမှာ ခုတင်ချင်း ကပ်လျက်ရှိ၍ အိပ်မပျော်ခင် စကား တပြော ပြော နေနိုင်၏။ ညှော်ခန်းက တိုးတိုးကလေး တီးနေသော ပိယာနိုသံကလည်း အေးလှ နွဲ့လှသည်။ ဒေါ်ဒေါ်၊ မေမေ၊ ဖေဖေတို့၏ မရွှင်ပျသော မျက်နှာသေကြီးများနှင့် ကင်း ဝေးတာတော့ အမှန်ပင်....။

http://www.cherrythitsar.org



ဆရာက စူးစမ်းသော မျက်နှာအမူအရာဖြင့်

"ကိုင်း. . . . ကိုင်း. . . . ဆိုစမ်း. . . . အိမ်မလွမ်းဘူးလား။ ဒီမှာ ပျော်တယ်လား"

"ပျော်တယ်"

"ဟေ. . . . ဒါဖြင့်. . . .မင်းတို့ အိမ်အကြောင်း ပြောပြစမ်း"

တင်မေသည် သိသမျှအားလုံး ပြောပြလေရာ ဆရာက မျက်နှာမကောင်းဘဲ နားထောင်နေပြီး "အင်း. . . . နားလည်ပြီ"ဟု ဆိုသည်။

ညနေ ထမင်းစားပြီး၍ ခင်မေနှင့် တွေ့သော် အဆူအကြိမ်း ခံလိုက်ရသေး၏။ ခင်မေက "နင်. . . .ဒေါ်ဒေါ်နဲ့ ဖေဖေအကြောင်းတွေ ဆရာအောင်မင်း လျှောက်ပြောတယ်ဆို၊ မရှက်ဘူးလား"ဟု ဆို၏။ တင်မေသည် ဩော် . . . . ဒါဟာ ရှက်စရာကောင်းတယ် ဆိုပါလားဟု အံ့အားသင့်ရလေသည်။ နောက် မပြောတော့ဘူး။ သို့သော် ခုပြောမိတာလည်း တခြားလူမှ မဟုတ်ဘဲ။

ထိုနှစ် တစ်နှစ်လုံး တင်မေသည် ပျော်ရွှင်၍ နေလေသည်။ ကျောင်းမှာ အိမ်နှင့် လုံးလုံး မတူချေ။ လွတ်လပ်လှသည်။ သို့ပေမယ့် စည်းကမ်းကော ဘယ်လောက်ရှိသလဲ၊ အစားနှင့် အအိပ်လည်း မှန်မှန်။ စာသင်ချိန်လည်းရှိ၊ ကစားချိန်လည်း ရ။ နောက်ပြီး တင်မေနှင့် ရွယ်တူအပေါင်းအဖော်များနှင့် ပျော်ပျော်ရွှင်ရွှင် နေ၍ ရလေသည်။ တင်မေသည် အခင်အမင်နှင့် အပျော်အရွှင်ကို မက်မောရှာသည်။

http://www.cherrythitsar.org



တစ်ခုက ဆရာအောင်မင်း၊ ဆရာနှင့် တင်မေသည် ရင်းနှီးသော သူငယ်ချင်းများ ဖြစ်၍ နေချေပြီ၊ ဆရာသင်သည့် ပုံဆွဲဘာသာမှာ တင်မေသည် အတော်ဆုံးဖြစ်ကာ ပြိုင်ပွဲတိုင်းမှာ ဆုရသည်၊ ဆရာက အိမ်ခေါ်ကာ ရေဆေး ဆွဲနည်းကိုပါ သင်ပေးသေးသည်၊ အင်္ဂလိပ်စာလည်း ပြပေးတတ်သည်၊ ကျောင်းစာကြည့်တိုက်မှ အာသာဘုရင်အကြောင်း၊ နာစစ်ဆပ် ပန်းပင်ဖြစ်သွားပုံ၊ အံ့ဩစရာ ကျွန်းထဲက အဲလစ် စသည့် စာအုပ်များကို ဖတ်စေသည်၊

တင်မေသည် ဆရာ့ကို ကမ္ဘာပေါ်မှာ အတော်ဆုံးသူ ဟု ထင်လေသည်၊ ဆရာ့စကားအတိုင်း လုပ်နိုင်ဖို့ မေမေ ဖေဖေတို့၏ စကားကိုပင် ပယ်ရှားရန် အသင့်ဖြစ်နေပြီ၊ လောကတွင် ဆရာတစ်ယောက်တည်း ရှိရုံနှင့်ပင် မိမိအဖို့ လုံလောက်ပြီဟု ထင်လာလေ၏၊

နွေဆိုလျှင် အိမ်ပြန်ပြီး မိုးနှင့်ဆောင်းမှာ ကျောင်းတွင် နေလိုက်နှင့် အချိန်တွေ ဘယ်လောက်များ ကုန်သွားပါလိမ့်၊

တစ်ညနေဦးကလေးမှာ တင်မေသည် အိပ်ခန်းပြတင်းမှ ငေးလျက် ရှိလေသည်၊ ကျောင်းကား မလွှတ်သေး၊ တင်မေမှာ ခေါင်းကိုက်လှသဖြင့် ခွင့်တောင်းပြီး တက်ခဲ့ရသည်၊ ညက ဆရာဖတ်ခိုင်းသည့် သန္တာကျွန်း စာအုပ်မှာ စွဲပြီး အအိပ် နောက်ကျသွား၍ ထင်သည်၊ အနည်းငယ် ငြီးစီစီ လိုလိုပင်....

ကုက္ကိုပင် ရွက်စိပ်များကြားမှ ဝင်လု နေ၏ ရွှေ

http://www.cherrythitsar.org



ရောင်သည် တင်မေ့မျက်နှာပေါ် ကျနေရာ ကလေးမ၏ ပန်းသွေးအဖျော့သည် ပို၍ စိုပြေနေလေသည်။ ခုဆိုလျှင် ၇ နှစ်အရွယ် ဗိုလ်ကေကလေးနှင့် တင်မေ မဟုတ်တော့။ ဇက်ပေါ် ခပ်အုပ်အုပ် ဘော့ဟဲရားနှင့် ၄ တန်းသူ တင်မေလေ။ အရွယ်ကြီးထွား လာသလိုပင် အတွေးစက်ဝန်းလည်း ပြန့်ကျယ်လာပါပြီ။

တင်မေ မြင်နေရသည်မှာ ကျောင်းဝင်း စည်းရိုးနားတွင် လင်မယားနှစ်ယောက်။ သူတို့သည် သုံးဆယ်ကျော် လေးဆယ်တွင်း အရွယ်ဖြစ်၍ မေမေ ဖေဖေတို့လောက်ပင် ရှိပေဦးမည်။ နှစ်ယောက်လုံးပင် အပြုံးကိုယ်စီနှင့် ပါကလား။ ညနေနှင့် လိုက်လျောသည့် ချိုမြသော အပြုံး၊ ညနေ ကျောင်းလွှတ်ချိန်မှာ သမီးတစ်ယောက်ယောက်ကို လာကြိုတာ ဖြစ်ပါလိမ့်မည်။ လင်မယားနှစ်ယောက်သည် စကားတပြောပြောနှင့်။ တစ်ခါတစ်ခါ ဘာကို သဘောကျသည် မသိ၊ ရယ်လိုက်ကြသည့် အသံသည် တင်မေဆီကို ရောက်၍လာ၏။ သူတို့ စောင့်နေသည့် သမီးဟာ ဘယ်သူများ ဖြစ်မလဲကွယ်ဟု စိတ်ကူးပြီး စောင့်နေမိသည်။

ဟော....ကျောင်းခေါင်းလောင်းသံ။

ကျောင်းဆင်ဝင်အောက်က ဖြတ်ခနဲ ထွက်လာသည့် ပထမဆုံး ခေါင်းကလေးမှာ ဆံပင်နီနီနှင့် ဖဲပြားစိမ်းပြာရောင်၊ ဒါ အတန်းထဲက စီစီ မဟုတ်လား။ တင်မေနှင့် စီစီသည် သိပ်ပြီး မခင်ပေ။ တင်မေ့စိတ်ထဲတွင် စီစီသည် ဖိုးဖိုးဖပ်ဖပ် နိုင်လွန်းသည်။ ဟားတိုက် လွန်းသည်

http://www.cherrythitsar.org



ဟု ထင်လေသည်။ စီစီကို ကြည့်လိုက်လျှင် ဘယ်တော့မှ မပိတ်ဘဲ ရယ်နေသော ပါးစပ်ကို အရင်ဆုံး သတိထားမိမည်။ စင်စစ်တော့လည်း စီစီကို ကြည့်ရသည်မှာ ပျော်စရာကြီးပင်။ မျက်စိတော့လည်း နည်းနည်း ရှုပ်ပေမပေါ့။ ဖျတ်လတ်လှသကိုး....။

စီစီသည် ခုန်ပေါက်ပြေးလွှာကာ စောစောက တင်မေကြည့်နေသော လင်မယားနှစ်ယောက်ဆီ လက်တန်းပြီး အရောက်သွားလေသည်။ မိခင်နှင့် ဖခင်ကလည်း လက်ဆန့်တန်းကာ ကြိုသည်။ ထိုနောက် ရယ်သံများ နောက်ဆုံးတွင်....သားအမိ သားအဖ သုံးယောက်သားသည် အချင်းချင်း တင်းကျပ်စွာဖက်ကာ စကားတွေ ပြောနေကြလေသည်။

တင်မေ့ရင်ထဲမှာတော့ ဆို့နေတယ် ခေါ်မလား၊ အမှန်ပြောရလျှင် ချစ်စရာ ကောင်းလှသည့် မိသားတစ်စု၏ ပွေ့ဖက်နေကြပုံ ရုပ်ပုံကားသည် တင်မေ့အား စိတ်ချမ်းသာမှုကို မပေးချေ။ ငါဟာ မနာလိုတာလား၊ စိတ်ကောင်း မရှိတာလား။ ဆရာက မနာလိုခြင်းနှင့် စိတ်ကောင်းမရှိခြင်းကို အင်မတန် ရှုတ်ချ၍ ကိုယ့်မှာ ဖြစ်ပေါ်လာလျှင် ဖယ်ထုတ်ပစ်ရမည် တဲ့။

ဘာပြောပြော တင်မေသည် မျက်ရည်လည်လာခြင်းကိုတော့ မတားဆီးနိုင်။ မေမေ ဖေဖေတို့ကို လွမ်းတယ်ဆိုတာ ဒါပဲဟု ပထမဆုံး သိရှိ၍ လာလေသည်။ မွေးရာအရပ် မြရာကုန်းက ကိုယ့်အိမ်ကို ပြန်ပြီး အသေးစိတ် မြင်မိသည်။ ဘာကြောင့်မှန်းမသိ မိမိပျော်ရွှင်နေ

http://www.cherrythitsar.org



သည့် အချိန်များကိုသာ မြင်မိသည်။ ဥပမာ တစ်ည မေမေ ရန်ကုန်က ပြန်လာပြီး တင်မေတို့ မောင်နှမ သုံးယောက်ဖို့ သဘော်သား ဝတ်စုံကလေးများနှင့် ဒူးရင်းသီးများ ဝယ်လာသည့်အခါ။ တစ်နေ့မှာ မေမေနှင့် ကလေးတို့ မြို့ဦးဘုရားပွဲသွားပြီး ချားကြီး လည်နေသည်ကို စီးခွင့်ရပုံ....။ ည လသာသာမှာ ဒေါ်ဒေါ်နှင့် တင်မေတို့ စကားပေါက်ကရပြောပြီး ခရေပန်းကောက်ချိန်၊ တင်မေသည် အပုကို ထိန်းသည့် ကုလားမကြီးကိုပင် မိမိ လွမ်းသည့် အိမ်သားများစာရင်းထဲ ထည့်လိုက်ချေသေးသည်။

ထမင်းစားချိန်မှာ တင်မေ မဆင်းသဖြင့် တက်လာကြသော ဆရာမတို့သည် တင်မေ ကိုယ်အတော်ပူနေသည်ကို တွေ့၍ ထိတ်လန့်သွားကြလေသည်။ နဂိုက ခပ်ပျော့ပျော့ဖြစ်၍ အဖျားပြင်းပြလှသည် မဟုတ်သော်လည်း ညည်း၍ နေသည်။ ခင်မေကမူ ရယ်ပြီး "အလကား ဒီကောင်မလေး အသည်းကြောင်တာပါ" ဟု ပြောနေသဖြင့် အော်ပစ်ရသေး၏။

ည ဆယ်နာရီထိုးသော် တင်မေသည် အိပ်ပျော်ပြီး ယောင်သလိုလို၊ ကယောင်ကတမ်း ပြောသလိုလိုနှင့် "အိမ်ပြန်မယ်....အိမ်ပြန်မယ်....'ဟု ပူဆာလာ၏။ မေမေ့ကိုလည်း တ လာ၏။ အပူဒီဂရီသည် ၁၀၀ ဂဏန်းသို့ နီးလာလေ၏။ ဆရာမကြီးသည် အမူအရာ ပျက်လာကာ ကျောင်းဆရာဝန်လည်း အနားက မခွာတော့။ ဆရာအောင်မင်းက တင်မေ ခေါင်းရင်းက ရပ်ကာ "တင်မေ....တင်မေ...." ဟု ခေါ်နေလေသည်။

http://www.cherrythitsar.org



တင်မေ ခေါင်းထဲတွင် ရိုးတိုးရိပ်တိပ်နှင့် ဆရာ့အသံကို ကြားရ၏။ ဆရာသည် တင်မေကို ဘယ်တော့မှ ချယ်ရီဟု မခေါ်ချေ။ တခြားကျောင်းသူတွေလို ဗိုလ်စိတ်ပေါက်သွားမှာ အင်မတန် စိုးရှာသည်။ အို...မေမေ၊ မေမေ့ဆီ စိတ်ရောက်သွားပြန်၏။ ထို့နောက် မြရာကုန်းချောင်းရေကို ဂယက် တလက်လက်နှင့် မြင်ရသည်။ တင်မေသည် ရေစပ်နားမှာ ချော်လဲပြီး ရေထဲ လိမ့်ကျသွားလေသည်။ အို....အော်လို့လည်း အသံမထွက်ပါလား....။

"ဟော....အိပ်ပျော်သွားပြီ"

တင်မေသည် မျက်လုံးကို ဖွင့်လိုက်သော် စူးရှသော နေရောင်ရင့်ရင့်ကြီး ပြတင်းက ဝင်ကာ နံရံ အဝါပေါ် ကျနေသည်ကို ကျိန်းစပ်စွာ မြင်ရ၏။ နေမြင့်သွားပြီထင်တယ်။ ခေါင်းထဲက အုံတုံတုံ၊ သို့သော် ချွေးများရွဲကာ နေ၍ အတော် ကောင်းနေ၏။ အထပ်ထပ်ခြုံထားသော စောင်ကို ခွာပြီး ခုတင်မှ ဆင်းလိုက်သော် ပေါ့ပါးသွားသဖြင့် စိတ်ပို၍ သက်သာသွားပြီး သီချင်းပင် တစ်ဝက်တစ်ပျက် ဆိုလိုက်မိလေသည်။

"ခင်မေ...."

ခင်မေက ခေါင်းညိတ်ပြီး ထူးသည်။ ခင်မေသည် ညီမဖြစ်သူကို အဓိပ္ပာယ်တစ်မျိုးပေါ်နေသော မျက်နှာဖြင့် စိုက်ငေးငေး ကြည့်ကာ ရှိ၏။ ခါတိုင်းနှင့်မတူ သနားကြင်နာသလို၊ ပြောစရာတစ်ခုခု ရှိသလိုလို။ အမှန်အားဖြင့် ညီအစ်မ နှစ်ယောက်မှာ အသက်လည်း ကွာ၍ အစေးလည်း မကပ်လှ။

http://www.cherrythitsar.org



"နင်....ဒီနေ့ အိမ်ပြန်ရမယ်တဲ့.... ဆရာမကြီးက ခွင့်ပေးလိုက်တယ်"

တင်မေက ပျော်သွားကာ မေး တစ်ချက်ဆတ်ပြီး ချက်ခြင်းသတိရ၍ "နင်ကော မလိုက်ဘူးလား...." ဟု ပြန်မေးသည်။ ခင်မေက ခေါင်းခါပြလေသည်။

"ဆရာမကြီးကို ပြောလို့ မရဘူးလား"

"ရသားပဲ....ငါကိုက မလိုက်ချင်လို့"

"အိမ်မပြန်ချင်ဘူးလား....နို့....မေမေတို့ ဖေဖေတို့နဲ့ မတွေ့တာ ကြာလှပြီ"

ခင်မေက မဲ့ပြုံးကလေးနှင့် "မေမေတို့နဲ့ မတွေ့ရတာ ဘယ်သူ့ အပြစ်လဲ၊ ဒို့ ကျောင်းနေလာတာ ကြာပြီ။ ဘယ်တော့ လာတွေ့သလဲ၊ ညနေ ညှိသည်လာချိန်ဆို ညှိခန်းထဲ ငါ မဆင်းဝံ့ဘူး။ ငါ့အတွက် ဘယ်သူမှမှ မလာဘဲ။ ငါ့ဘာသာ ငါရှက်ပြီး သူငယ်ချင်းတွေမေးရင် လိမ်လိုက်ရတာ မောလို့၊ ဒို့ တစ်နှစ်လုံးနေမှ တစ်ခါ အိမ်ပြန်ရတယ် မဟုတ်လား တင်မေ။ ဆယ်ရက် ဆယ့်ငါးရက်များ ကျောင်းပိတ်လို့ အိမ်ပြန်ရအောင် ဘယ်သူ လာခေါ်သလဲ....ငါတော့ စိတ်ထဲမှာ စွဲနေတယ်။ မေမေတို့ဟာ ငါတို့ကို အလိုမရှိဘူးလို့...."

တင်မေသည် မိဘများကို ဆန့်ကျင်သည့် စကားကို ပထမဆုံး ကြားရသည့်အခါဖြစ်၍ အကြီးအကျယ် ထိတ်လန့်သွားပြီး "ဘာတွေ ပြောနေတာလဲ ခင်မေ" ဟု မေးမိလေသည်။

"ငါ ဖေဖေ့ကို မုန်းတယ်....။ မေမေ့ကိုတော့

http://www.cherrythitsar.org



သနားပါရဲ့။ ဒါပေမယ့် သူ့လင်ကို ဘုရားလို ကိုးကွယ်လွန်းလို့ ငါ မုန်းချင်တယ်။ ပြီးတော့ ဒေါ်ဒေါ်ကော၊ သူ့ကို ဒေါ်ဒေါ်လို့တောင် မခေါ်ချင်ဘူး။ မျက်နှာကို့ကို မကြည့်ချင်ဘူးကွာ”

တင်မေသည် ခါးသီးလှသည့် စကားများကို နားမှာ မဆန့်ဘူး ထင်မိသည်။ မုန်းတာတို့၊ မခေါ်ချင်တာတို့၊ မျက်နှာ မကြည့်ချင်တာတို့ ဆိုတာတွေဟာ အပေါစား စကားတွေလို့ ဆရာ တစ်ခါက ပြောဖူးတယ်။ သို့သော်လည်း ခင်မေက ပြောပုံမှာ လူကြီးလေသံပါလှ၍ ဘာမှ ပြန်မပြောတတ်တော့ပါပြီ။ သူ့စကား မမှန်ဟုလည်း မဆိုနိုင်။

ထိုသို့ တင်မေသည် မြရာကုန်းကို တစ်ယောက်တည်း ပြန်ရသည်။ ဆရာအောင်မင်းက လိုက်၍ပို့သည်။ တင်မေက ဆရာ့ကို အိမ်မှာ လေးငါးရက်လောက် တည်းဖို့ ပြောသော်လည်း အသံမှာ မူမမှန်ရကား ဆရာက နားလည်ပြုံး ပြုံးကာ

“တင်မေ အရိုက်ခံနေ ရပ့ါမယ်ကွာ”

“ပြီးတော့ ဆရာ့မှာ ကျောင်းတက် ပျက်နေမှာပေါ့ကွ”ဟု ဆရာအောင်မင်းက မျက်နှာမကောင်းဘဲ ငြိမ်သွားသော တင်မေကို ဖြေပြော ထပ်၍ ပြော၏။

တင်မေသည် မေမေ ဖေဖေတို့ကို သတိရလိုက်၊ မနေ့က စီစီတို့ မိသားတစ်စုကို မြင်ယောင်လိုက်နှင့် ခရီးသွားနေခြင်းကို ငြီးငွေ့ဖွယ်ရာဟု မထင်အားတော့ပေ။

http://www.cherrythitsar.org



အင်း....စီစီတို့ မိသားတစ်စု ပွေ့ဖက်ကြပုံမျိုးကိုတော့ မမျှော်မှန်းမိပါ။ တင်မေသည် သည်လို တွေ့ရမည် ဆိုလျှင်တော့လည်း ရှက်နေမည်ကို စိုးသည်။ ဖေဖေနှင့်ဆိုလျှင် ပူးပူးကပ်ကပ်ပင် မထိုင်ဖူးချေ။ တင်မေလိုချင်တာက....“အို.... သမီး”ဆိုပြီး သတင်းစကားကိုရင်းရင်းနှီးနှီး မေးဖို့ ပြောဖို့လောက်သာ ဖြစ်ချေသည်။

ဆရာအောင်မင်း၏ လက်ကို ဆွဲ၍ ခြံထဲသို့ဝင်လာသည့်အခါ၌ကား မပျောက်နိုင်သည့် အမာရွတ်ကလေးပမာပဲ ထင်သည်။ ကြောက်တတ်သောစိတ်သည် ခေါင်းထဲ ဝင်လာပြန်၏။ ရင်ထဲက တဒိတ်ဒိတ်။ ဆရာကမူ လူကြီးဖြစ်၍ တင်မေ ဟန်ဆောင်သော်လည်း ရိပ်မိကာ မျက်နှာ ခပ်ပျက်ပျက် ဖြစ်၍လာလေသည်။

အိမ်ထဲ ဝင်ဝင်ချင်း ဖေဖေ့ကို သွားတွေ့၏။ သူသည် မျက်မှောင်ကုတ်၍ နှုတ်ခမ်းစူကာ တင်မေနှင့် ဆရာအောင်မင်းကို ရန်သူကြည့် ကြည့်လေသည်။ “မေမေကော....ဟင်”ဟု မေးလိုက်ချင်သော်လည်း မမေးရဲပေ။ ဒေါ်ဒေါ်ကိုလည်း မတွေ့ရ။ ဒါတွေထက် ညှို့သည်ကို စကားပြောမည့်သူ မရှိတာ ခက်လှပါပြီ။

ဆရာကပင် စပြီး “မတင်မေ ဖျားလို့ အိမ်ပြန်ပို့တာပါ”ဟု ပြော၏။

ဖေဖေက သူ၏ ဟိန်းသံနှင့်“ဩော်... အင်း... ထိုင်ပါ”ဟု ပြော၏။

တင်မေသည် ဆရာပြန်သွားမှ အရိုက်ခံရလျှင်လည်း ခံရပစေတော့ဟု ဆုံးဖြတ်ကာ အားနာလွန်းနေ

http://www.cherrythitsar.org



သဖြင့် သဘာဝမကျ လုပ်၍ ပြောသော ညှော်ခံစကားများ ဖြင့် ဆရာ့ကိုပြောကာ ကော်ဖီတစ်ခွက်ကို ကိုယ်တိုင် ဖျော်တိုက်သေးသည်။ တင်မေမှာ ကောင်းကောင်း ဖျော်တတ်သည် မဟုတ်သဖြင့် စေတနာကောင်းတိုင်း နို့ဆီတွေများပြီး ချိုလွန်းနေရာ ဆရာ့မှာ မနည်း ကျိုက် ချ နေရသေးသည်။

ဆရာက "တင်မေ မွေးထားတဲ့ နွားမကြီးက အင်မတန် ကြံ့စုပ်တယ်နဲ့ တူသဟေ့"ဟု နောက်ရာ တင်မေသည် အရဲတင်းဆုံး ရယ်လိုက်သည်တွင် လိုသည် ထက် ပို၍ သွားလေတော့သည်။

ဆရာ ပြန်သွားသည်ကို ဝင်းဝအထိ လိုက်ပို့လိုက် သေး၏။ တင်မေ မမြင်လောက်သည့် နေရာတွင် ဆရာ သည် ရယ်ကာမောကာ ရှိရာမှ တစ်ကိုယ်လုံး နွမ်းခွေပြီး ခေါင်းငိုက်စိုက်ကျ၍ သွားလေရာ.... "ဆရာ တင်မေ့ကို ညှာလိုက်တာနော်"ဟု ရှိုက်ပြီး ညည်းမိတော့သည်။

သို့ပေမည့် မြတ်စွာဘုရား၊ ဘယ်လို အိမ်ထဲ ပြန် ဝင်ရပါ့မယ်....။

သားရေသေတ္တာသည် အိမ်ခပြင်မှာပင် ရှိနေသေး ၏။ သေတ္တာကို တင်မေ ထိတောင် မထိရ၊ ဆရာက တစ်လမ်းလုံး ဆွဲလာခဲ့သည်။ ကျေးဇူးတင် စကားတောင် မှ ဝတ်ကျေ ဝတ်ကုံ မပြောလိုက်နိုင်ဘူးလား၊ ဖေဖေရယ်။ ဒါဟာ သမီးနေမကောင်းလို့ လာပို့တဲ့သူပါ။ အေးလေ သမီးကိုမှ ဂရုမစိုက်ဘဲ သမီးနဲ့ ပတ်သက်လာတဲ့သူကို ဂရုစိုက်ပါတော့မလား။

http://www.cherrythitsar.org



တင်မေ၏ အတွေးများသည် ခင်မေ့စကားများလို ခါးသီးပြီး လာလေသည်။

မော်တော်ကားပေါ်မှာ ကတည်းက နေကောင်းလာ၏။ အဖျားသွေး လုံးလုံး မရှိသလောက်ပင်။ ဆရာပြောသလိုပင် 'အိမ်လွမ်းရောဂါ' ဖြစ်လေသလား မသိ၊ အိမ်ပြန်ဖို့ ပြင်ကတည်းက နေကောင်းနေပေပြီ။

ခုတော့ အိမ်ထဲဝင်ရန် ခက်လှချည်ရဲ့။

အိမ်ခပြင်မှာ ယောင်လည် ယောင်လည်နှင့် လျှောက်လိုက်။ ညောင်းညောင်းရှိတော့ ကိုယ့်သေတ္တာကို ခုထိုင်လိုက်နှင့် နာရီပိုင်းများ ကုန်သွား၏။ အဖျားသွေး ပြန်ရောက်လာ၏။ လေသည် အေးစိမ့်လှသည်။ ခရီးလည်း ပန်းလာသည် မဟုတ်လား။

နောက်ဆုံး ဖေဖေသည် ဒေါ်သ တစ်ယောက်တည်းကြီးပြီး ဝုန်းဒိုင်းနှင့် ထကာ တင်မေကို တိုက်မိလုလု ဖြတ်ပြီး မြို့ထဲထွက်သွားမှ အိမ်ထဲ ဝင်ရဲတော့သည်။

မေမေ့ အခန်းမှာ ကလန့်ချထား၍ ဝင်၍မရ၊ မေမေ့ရှိုက်သံကိုတော့ မှန်မှန် ကြားရ၏။ "မေမေ.... မေမေ၊ တင်မေ ပြန်လာတယ်" ဟု ခေါ်သော်လည်း ပြန်မထူး။ မောင်လေး အပုကား အိပ်ပျော်နေ၏။ မီးဖိုချောင်ထဲ ဝင်ကြည့်တော့ ဒေါ်ဒေါ်လည်း မရှိ။ အာယားမကြီးကို အကျိုးအကြောင်း မေးကြည့်ရ၏။

မေမေနှင့် ဒေါ်ဒေါ် ရန်ဖြစ်ကြသည်။ ဒေါ်ဒေါ်က စိတ်ဆိုးပြီး အိမ်ပေါ်က ဆင်းသွားသည်။ ထို့ကြောင့်

http://www.cherrythitsar.org



မေမေနှင့် ဖေဖေ ရန်ဖြစ်ကြသည်။ ကုလားမကြီး ပြော သမျှကို သည့်ထက်ပို၍ နားမလည်တတ်။ ဒေါ်ဒေါ် မရှိ သဖြင့် ထမင်းချက်မည့်သူ မရှိရကား တင်မေသည် ဆာဆာနှင့် ကော်ဖီတစ်ခွက် ဖျော်သောက်ရ၏။ ထိုညနေ ထမင်း မစားရ။

နောက်နေ့တွင်လည်း တင်မေသည် ကိုယ့်အခန်း ထဲကိုယ် ကုပ်ကာ အသံတောင်မှ အပြင်မှ မကြားရ အောင် ခြေဖော့၍ လျှောက်သည်။ နေ၍ မကောင်းလှ သည်ကိုလည်း ကျိတ်၍ ခံခြင်းဖြင့် ပျောက်ရ၏။

နောက်ဆုံး ရန်ပွဲများ အေးငြိမ်းပြီး ဒေါ်ဒေါ်နှင့် သူ့သမီးကလေး အိမ်ပြန်ရောက်လာကာ တင်မေလည်း လုံးလုံး နေကောင်းပြီး ကျောင်းသို့ ပြန်ရသည့်အခါ ရန်ကုန်သွားသည့် ကားပေါ်တွင် တင်မေသည် သီချင်း အော်ပြီး မဆိုမိရန် အတင်း ချုပ်တည်းရလေသည်။

[၄]

တင်မေ ၇ တန်း တက်သည့်နှစ်တွင် အစ်မဖြစ်သူ ခင်မေ သည် သိသာစွာပင် တစ်မျိုး ပြောင်းလဲလာလေသည်။

ယခုအခါ ခင်မေမှာ ခုနမှ ပွင့်သစ်လိုက်သည့် နှင်းဆီပမာ လှပစိုပြည်သည့် ကျောင်းသူပျိုကလေး ဖြစ်၍ နေပေပြီ။ ခင်မေသည် မိမိကိုယ်ကို ဂရုစိုက်လှလေ သည်။ အဝတ်အစားများသည် ဆန်းပြား၍ အင်မတန် ကို ရွေးပြီး တွဲဖက်ထားသည်။ အဆင်များ အရောင်များ နှင့်သာ ဖြစ်တော့လေသည်။ ယခု ခင်မေ ပန်းပန်မည်ဆို လျှင် ဆံပင် အကွေ့အလိမ်ကလေး ကြားထဲမှာ အရွက် ကလေး ခေါင်းပြူပုံ၊ ပွင့်ဖတ်ကလေးများ လျော့ရဲကျပုံက အစ ကာရန်ညီရပေမည်။

“လှတာတော့ အမှန်ပေါ့.... ဒါပေမယ့်.... လှအောင်ပြင်လို့ လှတာကိုမက်တဲ့ ယောက်ျားမျိုးသာ လာမှာပေါ့ဟာ။ ပြီးတော့ လှအောင်ပြင်တယ် ဆို

http://www.cherrythitsar.org



ကတည်းက အဲဒီပြင်နေတဲ့ အလုပ်ကို လက်မလွှတ်ဝံ့တော့ဘူး။ ဘယ်မှ လွတ်လပ်တာ ရှိမလဲ။ ငါ ထင်တယ်၊ ယောက်ျားကြိုက်အောင် အလှပြင်တာဟာ ကိုယ့်ကိုယ်ကို ယောက်ျားသုံးဖို့ ပစ္စည်းတစ်ခုအဖြစ် ရောက်သွားအောင် စျေးချလိုက်တာပဲလို့.... မိန်းမ.... မိန်းမ"

တင်မေက မှန်ရှေ့က အစ်မဖြစ်သူကို ကြီးကြီးကျယ်ကျယ် ပြောလိုက်ရာ ခင်မေမှာ ဒေါသအတော်ဖြစ်သွားသော်လည်း ချုပ်တည်းကာ နှုတ်ခမ်းဆိုး မပျက်ပင်....

"ဒါတွေဟာ ဆရာ အောင်မင်းရဲ့ လေတွေပါ တင်မေရာ"

"ဒါကတော့ ဘယ်သူ့လေ ဖြစ်ဖြစ်လေ၊ မှန်တဲ့စကားဟာ မှန်တဲ့စကားပဲပေါ့"

"နင့်ကို ကြိုက်မယ့်သူ ရှိလာတော့.... ဒီစကားတွေကို မေ့သွားမှာပါ"

တင်မေသည် စကားမပြောနိုင် ဖြစ်သွားပြီး နာကြည်းသည့် အသံဖြင့်

"မိန်းမတွေကို ငါ ရွံတယ်၊ အဟုတ်ပြောတာ။ မိန်းမတွေဟာ ဘယ်တော့မှ အမှန်ကို လက်မခံချင်ဘူး။ ဘယ်တော့မှလဲ မရိုးဖြောင့်ဘူး။ နင်သာ ဒီလောက် မိန်းမမပီရင် ငါ ခုနပြောတဲ့ စကားကို အကျိုးအကြောင်းနဲ့ ခံငြင်းမှာပေါ့။ ခုတော့ အမှန်ပြောလာတဲ့လူကို တစ်ဖက်က လှည့်ပြီး နာအောင်လုပ်တယ်။ နောက်ကျောက တိတ်တိတ်ကလေး ဓားနဲ့ ထိုးတာမျိုးပေါ့"

http://www.cherrythitsar.org



"မိန်းမ မိန်းမနဲ့.... နင်ကကော ယောကျ်ား လား"

"စင်စစ်တော့ ငါ မိန်းမလည်း မဟုတ်ဘူး၊ ယောကျ်ားလည်း မဟုတ်ဘူး။ ငါ့ကိုယ် ငါလည်း ဘာမှန်း မသိဘူး။ မိန်းမတွေကိုတော့ ငါ အထင်သေးတယ်"

ထိုအခါတုန်းကတော့ တင်မေသည် ယောကျ်ား များကို အထင်ကြီးလျက် ရှိသည်မှာ အမှန်ပင်တည်း။

"နင်တို့ မိန်းမတွေ စကားပြောရင် ထမီ အကြောင်း၊ ရေမွှေးအကြောင်း၊ ဘိုင်စကုတ်အကြောင်း၊ ဒါထက် မပိုဘူး။ ပြီးတော့ တိုးတိုး တိုးတိုးနဲ့ သူများ အတင်း၊ ဒါမှမဟုတ် ရီးစားအကြောင်း ပြောလိုက်သေး။ ငါ အခုထက်ထိ မိန်းမဝိုင်းထဲ ဝင်လို့ မတတ်သေးဘူး"

တင်မေသည် မိန်းမဝိုင်းထဲ ဝင်၍ မရသည်မှာ အမှန်ပင်။ ငယ်ငယ်ကလေးတည်းက ဘော်ဒါ နေလာ သော်လည်း တင်မေနှင့် ရင်းနှီးပေါင်းသင်း၍ ဖြစ်သည့် မိန်းကလေး မရှိ။ တင်မေသည် ဘုကျသည်။ စကား နည်း သည်။ ဘာသာ နေတတ်သည် ဟူသော နာမည်များကို ခံမင်စွာပင် တမင်ယူ၍ ထားလေသည်။

"ပညာတွေ တတ်ပြန်တော့လည်း အကျိုးမရှိပါ ဘူး။ မိန်းမ ပညာတတ်တော့ ဘာဖြစ်သလဲ။ မာနကြီးတာ ပေါ့။ ကျောင်းဆရာမတွေ ကြည့်ပါလား။ ကြိုက်လိုက်တဲ့ အရိုအသေ။ သူတို့ကိုများ ငါ ဆရာအောင်မင်းနဲ့ ပေါင်း သလို ပေါင်းလို့ရမယ် ထင်သလား"

ခင်မေသည် ဆောင့်အောင့်၍ ထွက်သွားလေရာ

http://www.cherrythitsar.org



တင်မေက ရယ်ရင်း "ဆောင့်တာဟာ မိန်းမအလုပ်ပဲ၊ ငါ မအံ့ဩပါဘူး"ဟု ပြောပြီး ကျန်ရစ်လေသည်။

တင်မေသည် စိတ်မကောင်းသလို ခံစားရ၏။ ခင်မေဟာ လမ်းလွဲနေတာပဲ၊ စိတ်အလိုကို လိုက်နေတာပဲ။ ခုစာမေးပွဲတွေလည်း ကျလှပြီ။ ငါတောင် သူ့အတန်းကို မီတော့မယ်ဟု တွေးနေမိလေသည်။ အစ်မဖြစ်သူကို ဘုပြော၍လည်း မရ၊ ချော့ပြော၍လည်း မရ။ မိဘက ဂရုမစိုက်တော့ ဂရုစိုက်မယ့်လူကို ရှာတာပေါ့လေ ဟု တွေးမိပြီး မေမေတို့ဆီ စိတ်ရောက်သွားပြန်သည်။

ခင်မေသည် စနေ တနင်္ဂနွေ နေ့များတွင် မြို့ထဲသို့ တစ်နေကုန် ထွက်လည်လေသည်။ တင်မေမှာ ဘာလုပ်ရမှန်း မသိတော့ပြီ။ တင်မေသည် အစ်မဖြစ်သူနှင့် တတွဲတွဲရှိသော ကောလိပ်ကဆိုသည့် လူကို အမြင်ကတ်၍ နေလေ၏။ မြန်မာစစ်စစ်ဖြစ်ပြီး မြန်မာစကား မပြောချင်တဲ့လူ။ ဒါယောက်ျားတဲ့လား....။ သူ့လည်ပင်းကနက်တိုင်မှာ အမြဲ ကော် မာမာနှင့် အသစ်လိုနေသည်။ ဘောင်းဘီရှည်ကလည်း ဘွတ်ကိုဖုံးပြီး မြေကြီးနှင့် တိုက်လိုက်သေး၏။ သူ အကော်ဒီယံ တီးပြီဆိုလျှင် ကိုယ်လုံးကိုယ်ဟန်ပါပါ စည်းဝါးတကျ နွဲ့ပြီး ခေါင်းကို နောက်ပစ်ကာ သူကိုယ်တိုင် ဇာတ်လိုက်ဖြစ်၍ နေတတ်သည်။

"လူတိုင်းဟာ ကိုယ်ကြိုက်တာ ကိုယ်ရွေးနိုင်တဲ့ လွတ်လပ်မှုလည်း ရှိရမှာပေါ့။ လက်ထပ်စခန်း မရောက်ခင် မိတ်ဆွေစခန်း ဆိုတာလည်း ငါ အယုံအကြည် ရှိတာပဲ။ လက်မထပ်ခင် အကြောင်းသိအောင် ခင်မင်

http://www.cherrythitsar.org



ရင်းနှီးမှုရှိမှ လက်ထပ်ပြီး ကွာရှင်းတာတွေ၊ မကွာရှင်းနိုင်လို့ အကျင့် ဖောက်ပြန်တာတွေ နည်းသွားမှာပေါ့။ ဒါပေမယ့် နင့် အကောင်က အလကားကောင်ပဲ”ဟု တင်မေသည် ပြောလိုက်မိသဖြင့် ညီအစ်မနှစ်ယောက် ရန်ဖြစ်ရချေသေးသည်။

“နင်.... ကြီးကြီးကျယ်ကျယ်တွေ ဘယ်လို ပြောတတ်လာတယ် ဆိုတာ ငါ မစဉ်းစားတတ်ဘူး” ဟု အစ်မက ညည်းညူရှာသည်။

“ငါ....စာအုပ်တွေ ဖတ်နေတာပေါ့” ဟု မာနတစ်ခွဲသားနှင့် ပြောလိုက်မိချေသေးသည်။ တင်မေသည် စာအုပ်ရှူးမှ တကယ့်ကို ရူးခဲ့မိချေသေးသည်။ စာဖတ်ခြင်းကို တင်မေသည် မကြွားမိအောင် ဂရုစိုက်သော်လည်း စာအုပ်အကြောင်းနှင့် ပတ်သက်ပြီး စကားပြောရလျှင် မျက်လုံးအရောင် မတောက်ဘဲ၊ အသံ ထက်မြက်မလာဘဲ မနေနိုင်ချေ။

တင်မေသည် ဖေဖေ့ဒေါသကို တွေး၍ နေလေသည်။ အစ်မဖြစ်သူအတွက် ပူပင်ကာနေလေသည်။ ခင်မေလုပ်နေပုံကို ဘယ်လောက်ပဲ သဘောမကျသော်လည်း မိမိအတွက်တော့ ဖေဖေ့ဒေါသကို ခင်မေ မတွေ့စေရဟု ဆုံးဖြတ်ထားလေသည်။

သို့သော်လည်း ညီအစ်မနှစ်ယောက် နွေကျောင်းပိတ်၍ အိမ်ပြန်ကြသော် အခိုးအငွေ့ တလူလူနှင့် အကြမ်းပတမ်း ပေါက်ကွဲလို့ စောင့်ကြိုနေသော ဖေဖေ၏ ဒေါသကို ရင်ဆိုင်ကြရလေတော့သည်။

http://www.cherrythitsar.org



မေမေနှင့် ဖေဖေမှာ အချင်းချင်း ချစ်ကြိုက်ပြီး ယူကြသည့် လင်မယားဖြစ်လေရာ ဘာကြောင့် သမီးဖြစ်သူ ရိုးစားထားသည်ကို သည်လောက် ဇာချဲ့နေရသည်ကို တင်မေ မတွေးနိုင်တတ်ပေ။ ခင်မေ့အစား မခံချိ မခံသာ ဖြစ်နေမိ၏။ မေမေသည် သမီး ခင်မေကို ချော့တစ်လှည့်၊ ချောက်တစ်လှည့်နှင့် မေးပြီး စကားတစ်လုံးရလျှင် တစ်လုံးပင် လင်သည်ကို သွား၍ တိုင်လေသည်။ ဤသို့ မျက်နှာလို မျက်နှာရ လုပ်ခြင်းအားဖြင့် မယားငယ်ယူသော လင်သည်၏ အချစ်ဟောင်းကို ပြန်လည်ရှာဖွေနိုင်ပေလိမ့်မည်ဟုများ ထင်ရှာလေသလား။

မိခင်၊ မိခင်ဆိုသည့် စကားလုံးကိုက သင့်အား အမြဲ နိုင်နင်းနေပေသည်။ မိခင်ကို ဘယ်သူက အပြစ်ဆိုဝံ့ ပါသလဲ၊ မကောင်းကြံဝံ့ ပါသလဲ။ မေမေ တို့မီး ရှို့မီး လုပ်နေပုံကို ရွံရှာလျက်က တင်မေ မုန်း၍မရ၊ မတရားသည့်အတွက်ကို ဒေါသသာ ဖြစ်၍ မပြီးနိုင်။

အစ်မ ခင်မေသည် နောက်ဆုံးတွင် မေး၍ မြန်း၍ မဆုံးနိုင်ခြင်းကို စိတ်ထကာ ပြောသင့်တာရော၊ မပြောသင့်တာရော အားလုံး ဖွင့်ချလိုက်လေသည်။ တချို့တလေမှာ သူ့ကိုယ်သူ အပြစ်လေးစေအောင် တမင်လုပ်ကြံ၍ ပြောသောစကားများ ဖြစ်သည်ကို တင်မေ အံ့သြစွာ တွေ့ရသည်။ ဥပမာ လက်စွပ် ပျောက်သွားတာကို ရည်းစားကို ပေးလိုက်သည်ဟု ဇွတ်တိုးပြီး ပြောသည်။

ခင်မေက သည်လို ပြောလေလေ....ဖေဖေနှင့် မေမေမှာ အောင်သေ အောင်သား စားတော့မည့် မျက်နှာ

http://www.cherrythitsar.org



ထားနှင့် အားရပါးရ ဖြစ်လေလေ....ဖြစ်လေရာ တင်မေသည် တုန်လှုပ်လာပြီး မိဘမေတ္တာဆိုသည်ကို သံသယ ရှိလာလေသည်။

ခင်မေသည် နောက်ဆုံးတွင် မိဘနှစ်ပါး၏ မျက်နှာကို တည့်တည့်ကြည့်ပြီး ဟက်၍ ရယ်လိုက်လေသည်။

လျှပ်လက်လိုက်တာကို စိုက်ကြည့်ဖူးတယ် မဟုတ်လား။ လျှပ်စစ်ရောင်သည် တဖျတ်ဖျတ် ရှေ့ထိုးနောက်ငင် လှုပ်ရှားသွားပြီး လှပသော အခက်အနွယ်ကို မသေမသပ် ရက်ဖောက် ယောက်လိုက်၏။ မြန်ဆန်လွန်း၍ ဖမ်းမမိနိုင်။ ဒါသာ သင့်အား မဆတ်တငံ့ ဖြစ်စေလေသည်။

သို့ရာတွင် ထို့နောက်ကား ကြမ်းတမ်း လူးလှိမ့်လာသော ဂျိုးဂျိုးဂျစ်ဂျစ်နှင့် မိုးကြိုးအက်ကွဲသံ၊ ပြီးလျှင် တုံးခနဲ သေစေနိုင်သော လျှပ်စစ်ဓာတ် သေကွင်း။

ခင်မေ ရယ်လိုက်ခြင်းမှာ လျှပ်လက်လိုက်တာသာ ဖြစ်လေ၏။

ဖေဖေသည် လက်ဝါးကို မြှောက်၍ တအားလွှဲကာ ခင်မေ့ပါးကို ရိုက်ချပစ်လိုက်လေသည်။ မေမေက ကြက်သေ သေနေပြီးမှ ကြမ်းပြင်ပေါ် ထိုင်ချပြီး ငို၏။ တင်မေက မေမေငိုမှ ဒေါသပိုထကာ ဘာမှ မလုပ်မိရန် ကိုယ့်လက်ခုံကို ကိုယ်ပြန်၍ ကိုက်နေရလေသည်။

ခင်မေက နဖူးပေါ်ကျလာသော ဆံပင်ကို ခေါင်းခါပစ်ခြင်းဖြင့် ဘေးဖယ်ကာ ထိန်းချုပ်၍ မနိုင်သော ငိုသံဖြင့်

http://www.cherrythitsar.org



"အထွေးဟာ နောက်ဆယ်နှစ်လောက် မကြာ ခင် ခင်မေ့အရွယ် ဖြစ်လာမှာပါ။ အဲဒီတော့ အထွေးရီးစား ထားရင် ဖေဖေ ခုလို ရိုက်ပါ့မလား"

ဖေဖေသည် ခဏတုံ့၍ နေလေသည်။ သမီးဖြစ်သူ၏ မျက်လုံးက မှုန်မှေး လှောင်ပြောင်နေသည်ကို တုန်လှုပ်နေလေ၏။ သူ့ဘာသာသူ ရှက်ပြီး မလုံချေ။ နောက်ဆုံးတွင်မူ အားလုံးကို ဒေါသနှင့် ဖုံးပစ်ဖို့ ရှေ့ကို ခြေထပ်၍ လှမ်းကာ ခင်မေ့လည်ပင်းကို ညှစ်၏။ ခင်မေ့အသံသည် အစ်ပြီး မချိမဆံ့ ထွက်လာလေ၏။

အထွေးက ဒေါ်ဒေါ့်သမီးလေ....ဖေဖေ့သမီး ဆိုလျှင်လည်း မှန်သေးသည်။

တင်မေသည် ကြားထဲက အသက်ရှူမဝဘဲ ဖြစ်ကာ ဖေဖေ့လက်ကို အားရှိပါးရှိ ဆွဲဖယ်ပြီး သူ့ကိုယ်ကြီးကို တွန်းပစ်လိုက်၏။ ရုတ်တရက်မို့ ဖေဖေသည် ခင်မေ့ကို လွှတ်သွားကာ ဘေးကို ယိုင်၍အသွားမှာ ခင်မေက လက်နားနီးသည့် လက်ဖက်ရည်ကရားကို ဆွဲယူကာ ဖေဖေ့ ခေါင်းပေါ် ရိုက်ခွဲလိုက်လေသည်။

http://www.cherrythitsar.org

[၅]

တင်မေသည် ပြုံး၍ မရတော့ချေ။

တင်မေ၏ ကမ္ဘာပေါ်မှာ တစ်ဦးတည်းသော မိတ်ဆွေ ဆရာအောင်မင်းကိုတောင်မှ နှုတ်ခမ်းလှုပ်ပြ လိုက်ခြင်းသာ ဖြစ်ပေမည်။ ပြုံးခြင်း မဟုတ်နိုင်ပေ။ မိမိ အပေါ် ကျိန်စာတစ်ခု ကျရောက်နေသည်ဟု တထစ်ချ အယူရှိနေတော့သည်။ ကျိန်စာသည် နေ့ရှိသမျှ လေးပင် စွာ ဖိစီးနေတာ ဘယ်အခါမှ ဆုံးခန်းတိုင် ပျက်စီးစေ မည် ဆိုတာကိုပဲ မျှော်မှန်းနေမိသည်။

ခင်မေကား လင်နောက် လိုက်ပြေးလေပြီ။ တင်မေ တစ်ယောက်တည်း ကျောင်းသို့ ပြန်လာခဲ့ရ၏။ ကျောင်းနေတော့ကော ဘာအကျိုးထူးမလဲ။ သို့ပေမယ့် ဘယ်သွားနေမလဲ၊ အိမ်မှာနေလို့ မဖြစ်။ အိမ်မှာ စိတ်ချမ်း သာစရာ မရှိချေ။ ဖေဖေ့ကိုဆိုလျှင် အရိပ်အယောင် ကလေးမျှ တစ်ယောက်နှင့်တစ်ယောက် မမြင်ရအောင် ရှောင်နေရ၏။ မေမေကဆိုလျှင် မျက်လုံးချင်း ဆိုင်မိလျှင်

http://www.cherrythitsar.org



စိတ်မချမ်းသာပုံကို ပြသည်။ တင်မေကို တစ်ကျိတ်တည်း တစ်ညဏ်တည်းဟု ထင်နေ၏။ တင်မေကလည်း ဘာမှ ရှင်းမပြ။ ကိုယ်လွတ် မရုန်းချင်။

တစ်အိမ်လုံးမှာ လူဆယ်ယောက် မပြည့်သော်လည်း သုံးစုကွဲကာ နေ၏။ ဖေဖေ့ နေရာကတော့ အတော်ထူးဆန်း၏။ ကဲ ကြည့်ပါ၊ ဖေဖေနှင့် မေမေက တစ်စု၊ ဖေဖေနှင့် ဒေါ်ဒေါ် သမီးကလေးတို့က တစ်စု၊ ခင်မေ တင်မေနှင့် အပုက တစ်စု။ ယခုမူ တင်မေနှင့် အပု နှစ်ယောက်တည်းသာ အားငယ်ငယ်နှင့် ရှိပေပြီ။

အပုမှာ ငယ်ငယ်ကလေးကတည်းက ချောင်းဆိုးသွေးပါ ဖြစ်တတ်သူ ဖြစ်သဖြင့် ရန်ကုန်ကျောင်းသို့ မပို့ဘဲ အိမ်မှာ ဆရာခေါ်၍ သင်ရသည်။ သည်နှစ်မှာမူ ခင်မေ လင်နောက် လိုက်ပြေးပြီးကတည်းက အိမ်မှာ သုသာန်တစပြင်ပမာ၊ မသာယာသော မျက်နှာများနှင့်သာ ပြည့်၍ မောင်လေးသည် ရန်ကုန်သို့ လိုက်လာကာ မြို့မကျောင်းမှာ ဘော်ဒါနေလေသည်။

မောင်လေးနှင့် တင်မေမှာ လူကြီးများပမာ တစ်ယောက်နှင့်တစ်ယောက် ကြင်နာခဲ့ကြလေသည်။ အပုသည် ငယ်သေးသော်လည်း ဒုက္ခ သုခကို အတွေ့ အကြုံ များခဲ့၍လား မသိ။ တင်မေနှင့် စကား ကျကျနန ပြော၍ရသည်။

အပုက“မမကြီးက ဖေဖေ့ကို ခံလုပ်တာဟာ မကောင်းဘူး”ဟု ပြောသည်ကို သတိရနေသေး၏။

“မကောင်းဘူး ဆိုတာကတော့ ဘယ်သူမှ ခံ

http://www.cherrythitsar.org



မငြင်းနိုင်တဲ့ စကားပဲ။ ဘာကြောင့်လဲဆိုတော့ တို့က သားသမီး ဖြစ်နေတာကိုး။ သူတို့က မိဘဆိုတော့ မြင်းမိုရ်တောင်ဦး မကကျူးသည့် ကျေးဇူးသခင် ဆိုတဲ့လိုင်စင်ကို ရနေပြီ”ဟု မိမိက ပြန်ပြီး ပြောလိုက်မိသည်။

တင်မေသည် မောင်လေး နားလည်ပါ့မလားဟု အကဲခတ်လိုက်သော် တွေးနေဟန် မျက်လုံးဝိုင်းကလေးကို တွေ့ရလေသည်။ မောင်လေးမှာ ၁၂ နှစ်တောင် မပြည့်သေး။

“ခင်မေ မိုက်တာပဲလေ။ ဒါပေမယ့် ငါသာ သူ့နေရာမှာဆိုရင် ဒီလိုပဲ လုပ်မိချင် လုပ်မိမှာပဲ။ ရက်စက်တာက လွန်ရောကို။ သားသမီးဟာ ငွေဝယ်ကျွန်လို ကိုယ်ပိုင်ပစ္စည်းမှ မဟုတ်ဘဲကွယ့်ပြီး၊ ပြီးတော့ ဒေါ်ဒေါ့်သမီးအထွေးကိုတော့ လက်ဖျားနဲ့တောင် မတို့ဖူးဘူး မဟုတ်လား”

တင်မေသည် မောင်လေးရှေ့မှာ မနာလိုသောစိတ်ကို သင်ပြသလို ဖြစ်သွားသဖြင့် စကားကို ဆက်မပြောဘဲ နေလိုက်၏။ စင်စစ် တင်မေ့ရင်ထဲမှာ မယားငယ်၊ မယားငယ်၏သမီး စသည့် စကားများကိုပင် ရင့်သီးစွာ သုံးလိုက်ချင်စိတ် ရှိသည်။ လူတစ်ယောက်ဟာ နားကြည်းလာပြီဆိုလျှင် ယဉ်ကျေးတာတွေကို ဂရုမစိုက်ချင်တော့၊ စိတ်ကောင်းလည်း မမွေးချင်တော့။ သို့သော် ဘာမှ အသိတရားမရှိတဲ့ အထွေးလေးမှာ အပြစ်မရှိဘူးဆိုတာကို သတိရကာ ကိုယ့်ကိုယ်ကို မုန်းချင်လာလေ၏။

အပုက နှုတ်ခမ်းကလေး ရွဲ့ကာ....

http://www.cherrythitsar.org



"သိပ် မတရားတာဘဲ"

တင်မေတို့ မောင်နှမတစ်တွေမှာ မတရားဘူး ဆိုသည့် စကားလုံးကို မသုံးတတ်ခင် ကတည်းက မတရားခြင်း၏ အဓိပ္ပာယ်ကို နားလည်ခဲ့ကြပါသည်။

အပုမှာ ချူချာသော်လည်း တေတေပေပေ ကလေး ဖြစ်သည့်ပြင် စောင့်ပြောမည့်သူ မရှိ၊ တစ်ကျောင်းစီ နေရသဖြင့် သဘောကျ နေထိုင်လေရာ အပု ရှုပ်လိုက်၊ အအေးမိလိုက်ဖြစ်ပြီး ချောင်းဆိုးသွေးပါ ပြန်ထ ပြန်လေသည်။

အပု သေရသည့် အတွက်ကိုတော့ တင်မေသည် မိဘနှစ်ပါးကို ခွင့်မလွှတ်နိုင်တော့ဟု ထင်ခဲ့ဖူးလေသည်။

အပုကို ကျောင်းဆေးခန်းမှ ဆေးရုံကြီးသို့ ပို့ရလေသည်။ အသက်အရွယ် နုနယ်လှသဖြင့် ရောဂါနှင့် မမျှအောင် ခံရသည်ကို အသည်းထိတ်မိသေး၏။ တင်မေသည် မကြည့်ရက်သည့် စိတ်နှင့်ပင် မောင်လေးမျက်နှာကို စိုက်ငေးကာ အချိန်ကုန်ရလေသည်။ စိတ်ငယ်လိုက်သည်မှာလည်း ရှုးသွပ်သွားအောင်သာ ငိုလိုက်ချင်တော့၏။ မေမေတို့ဆီက ဘယ်သူမှ မရောက်သေး။

မောင်လေး၏ ဆံပင်များသည် ခြောက်သွေ့ကာ အရောင်ပျက်လာလေသည်။ နှုတ်ခမ်းတွေက မည်းပြာကာ တိုလျက်ရှိပြီး အသားရောင်က ပျားဖယောင်း ပမာ ပင် ဝါရော်ရော်။ တင်မေ မကြည့်ရက်ပါပြီ။

မောင်လေး အပု ဆုံးဖို့ သုံးရက်လောက်အလိုမှ မေမေ ရောက်လာ၏။ ဖေဖေက စပါးကိစ္စတွေ များနေ၍

http://www.cherrythitsar.org



မလာအား။ ဒါပေမယ့် လေးငါးရက်အတွင်း ရောက်ကောင်း ရောက်ပါလိမ့်မည်။ မေမေတောင်မှ အလုပ်တွေ ပစ်ထားခဲ့ရသည်မှာ တန်းလန်း ရှိသေး၏။ မေမေ လာသည်နှင့် ဆန်စက် မလည်နိုင်တော့ချေ။ ဖောက်သည်တွေကတော့ ပျက်ကုန်ပါပြီ။

ရန်ကုန်ရောက်တော့လည်း မေမေသည် သားအနားမှာ အမြဲ မနေနိုင်ဘဲ မြို့ထဲထွက်ကာ ငွေကိစ္စ၊ ကြေးကိစ္စနှင့် အလုပ်များရချေသေး၏။

ဆုံးမည့်နေ့မှာ မောင်လေးသည် တစ်နေ့လုံးပင် သတိမလည်ချေ။ မမြင်ဝံ့ပေမယ့် မျက်စိထဲစွဲ၍ နေပါသေး၏။ ကြမ်းကြုတ်လှသည့် ရောဂါဒဏ်ကြောင့် မျက်လုံး နှစ်လုံးမှာ စောင်းရွှဲ့ကာ တစ်ဖက် သေးသိမ်နေလေသည်။ နှုတ်ခမ်းတစ်ခြမ်းလည်း ရွဲ့ကာ တလှုပ်လှုပ်ရှိသည်။ ဘယ်ဘက်ပခုံးက မြင့်၍နေပြီး ညာဘက် ခါးလည်ဆီက စပြီး ခေါင်းအထိ ထွန့်ခနဲ....ထွန့်ခနဲ .... အကြောဆွဲ၍....အမယ်လေး....ဆန့်ငင်....ဆန့်ငင်ပါပဲ။

မောင်လေးဆုံးပြီးမှ ဆရာဝန်က ဖွင့်ပြောသည်မှာ

"သူ့မှာ အဆုတ်တစ်ခြမ်း မရှိတော့ဘူး။ စားသွားပြီ"

မေမေက "သားရဲ့....သားရဲ့...."နှင့် ငိုလေလေ၊ တင်မေက ဒေါသကြီးပြီး မျက်ရည်ကျ၍ မရလေလေ ဖြစ်ရသည်။ နောက်တစ်နေ့ ဖေဖေ ရောက်လာပြီး အသံတုန်တုန်နှင့် မျက်ရည်ပေါက်ကြီးများ ကျသည်ကို မြင်ပြန်

http://www.cherrythitsar.org



တော့ တင်မေ့ဒေါသသည် အထွတ်အထိပ်သို့ ရောက်ကာ လွတ်ရာသို့ ပြေးထွက်ခဲ့ရလေသည်။ သို့မဟုတ် လူသတ်မိပါလိမ့်မည်။

တင်မေသည် ဆရာဝန်တွေ ညှော်သည်တွေ ရှေ့မှာပင် ခါးထောက်ရပ်၍ မိဘနှစ်ပါးကို စေ့စေ့ကြည့်ကာ

"အပုကို ဘယ်သူ သတ်တယ်ဆိုတာ ကျွန်မသိတယ်"ဟု ပြောလိုက်လေသည်။

ထိုစကားအတွက် တင်မေကိုလည်း မေမေဖေဖေတို့က ခွင့်မလွှတ်တော့။

သို့ရာတွင် မေမေနှင့် ဖေဖေသည် တစ်ယောက်ကို တစ်ယောက် လွှဲချပြီး ရန်ဖြစ်စ ပြုလေသည်။ "လောဘ၊ လောဘ....လောဘကြောင့် သားအသက်တောင် မမီဘူး"ဟု မေမေက ပြောတတ်သည်။ "မအေအသုံးမကျလို့ သမီးလည်း ထွက်သွားပြီ သားလည်းသေပြီ"ဟု ဖေဖေက ပြောတတ်သည်။

တင်မေကတော့ မျက်ရည်တွေကို ဒေါ်နှင့်မောနှင့် သုတ်ပစ်ကာ အာခေါင်ကို ခြစ်၍ ရယ်ပစ်လိုက်လေသည်။

နောက် ဆရာနှင့်တွေ့၍ သူက ပြောသည်မှာ "တင်မေ မင်းဟာ စိတ်ကြီးလွန်းတယ်ကွယ်။ မိဘအပေါ်မှာ မာလွန်း ကြမ်းလွန်းတယ်"ဟုပင် ဖြစ်လေ၏။

တင်မေမှာ ထိုအခါကျမှ ကိုယ့်သဘောကို ရုတ်ခနဲ ပြန်လည်ရိပ်မိသော်လည်း အလျှော့ မပေးချင်ဘဲ "တင်မေတို့အပေါ် ကောင်းတဲ့အကွက် ရှာလို့ မတွေ့ဘူး"ဟုခေါင်းမာစွာ ပြောလိုက်မိချေသေးသည်။

http://www.cherrythitsar.org



ဆရာက ဖျောင်းဖျောင်းဖျဖျ။

"တင်မေ့ မေမေ ဖေဖေတို့ အသေအလဲ အလုပ်လုပ်နေတာဟာ သားသမီးတွေ စံစားဖို့ မဟုတ်ရင် ဘယ်သူ့ဖို့လဲကွယ်"

တင်မေသည် ပထမတော့ ဘာမှ မပြောတတ်။ နောက်မှ....

"ဒါကတော့ မိဘသေရင် သားသမီးပဲ အမွေရစရာရှိတော့ ပြောလို့ မဖြစ်ဘူးလေ။ တင်မေကတော့ သူတို့ရဲ့ လောဘဟာ သားသမီးအပေါ် လွှဲချဖို့ မသင့်ဘူး ထင်တာပဲ။ သားသမီးအတွက်လည်း ပါမပေ့ါလေ။ ဒါပေမယ့် သူတို့ကိုယ်ကျိုး၊ သူတို့စိတ်ကျေနပ်ဖို့လည်း လုံးလုံး မပါဘူး ဆိုတာတော့ မယုံနိုင်ဘူး"

"တင်မေက လူတစ်ယောက်ချင်း အနေနဲ့ ကြည့်တဲ့ သဘောလား"

"ဒါပေ့ါ၊ အဲဒီသဘောကို တင်မေ ယုံတယ်။ ငါ ငါ ငါဆိုတဲ့ ငါစိတ်ဟာ အကြီးဆုံးပဲ မဟုတ်လား။ မိဘမေတ္တာဆိုတာထက် ကြီးတာ အမှန်ပဲ။ မေမေတို့ ဖေဖေတို့ အလုပ်အကိုင် နေရာကျတဲ့အခါ၊ အမြတ်ကြီးကြီး ရတဲ့အခါ ဆိုပါတော့။ အဲဒီငွေကို သူတို့ လက်နဲ့ ဆုပ်ပြီး ကိုင်ရတဲ့ အရသာဟာ တင်မေတို့နဲ့ အကင်းသားပဲ ဟင်"

"ကဲ....ဒါဖြင့် တင်မေ စားဖို့ သုံးဖို့ ပို့တဲ့ငွေက ဘာအဓိပ္ပာယ် ရှိသလဲကွယ်"

"သားသမီး မွေးလာတာကို ကျွေးမွေးရမှာက မမွတာပဲ"

http://www.cherrythitsar.org



ဆရာက သက်ပြင်းချပြီး "တင်မေဟာ မိဘက ဘာကြီးပေးပေး မကျေနပ်နိုင်တော့ဘူး ဟုတ်လား"

"မိဘဆီက သားသမီးတွေ လိုချင်တာက ဖြုန်းဖို့ ကြွားဖို့ ရွှေ ငွေ မဟုတ်ပါဘူး။ ဂရုတစိုက် ကြင်နာတဲ့ မေတ္တာပါ ဆရာရယ်"

http://www.cherrythitsar.org

[၆]

## လွှတ်ပစ်လိုက်စမ်း။

လွှတ်ပစ်လိုက်စမ်း
တိမ်တိုက်အပြာ၊သည်နီလာတွေ
ဝါရည်နို့ခဲ၊သည်ပုလဲတွေ
ခဲသားရင့်ရင့်၊သည်စိန်ပွင့်တွေ။

လွှတ်ပစ်လိုက်လေ….
မြေပြင်ဟိုဘက်၊လှိုင်းပွက်ပွက်နှင့်
ရေနက်ထဲနှစ်၊ကြဲချပစ်လိုက်။

မျက်ရည်စို့နှင့်
ငိုတော့မေရယ်….။

ရာပြည့်စာအုပ်တိုက်

**တွယ်တာရော**
**မေတ္တာကင်းမှ၊သည်ဘဝမှာ**
**ဘာကိုမက်မောပျော်မလဲ၊ ။**

ဆရာက တင်မေ့ကဗျာကို ဖတ်ပြီး သနားကြင်နာပြုံးကို ပြုံးကာ "အင်း....တင်မေက အလာသားပဲ၊ ကဲ ခေါင်းစဉ်က ဘယ်လို တပ်မလဲ"ဟု မေးလေသည်။

"ငိုပါတော့ မေ"

"အင်း ဟုတ်ပြီ၊ တင်မေ ငိုဖို့ ကောင်းပြီ။ ဟိုတုန်းကဆို တင်မေ တော်တော်ငိုတယ် မဟုတ်လား"

"ငိုတာဟာ ရှုံးတာပေါ့ ဟင်။ ဟိုတုန်းကတော့ မျက်ရည်ကို မစဲဘူးပေါ့လေ။ မှတ်မိသေးတယ်၊ တင်မေ တစ်နှစ်မှာ နှစ်သစ်အဓိဋ္ဌာန်ဆိုပြီး ဒိုင်ယာရီ ပထမဆုံး ရွက်မှာ ရေးတာလေ။ 'ဘာပဲဖြစ်ဖြစ်၊ မျက်ရည်မကျ' ဆိုပြီးတော့ပေါ့ ဆရာရယ်၊ အဲဒီနှစ်လောက် ငိုရတဲ့နှစ် တော့ မကြုံဖူးတော့ဘူး။ ဒါပေမယ့် တင်မေ ငိုတာ ဘယ် သူမှ မသိဘူး။ တင်မေက ငိုမယ်ကြံရင် အိပ်ခန်းတံခါး ပိတ်၊ ဂလန့်ချပြီးမှ အသံမထွက်အောင် ငိုတာ"

တင်မေက ကိုယ့်ဟာကိုယ် သဘောကျပြီး ရယ် လိုက်သော်လည်း ဆရာက ခပ်ငေးငေးရှိသည်ကို ယခု ပြန်ပြီး မြင်မိပါသေး၏။

"ခုကော မငိုဘူးလား"

"ခု ငိုချင်ပါရဲ့၊ ငိုလို့ မရဘူး။ အပုတို့ ခင်မေတို့ အကြောင်းတွေလည်း စိတ်မကောင်းရုံပဲ၊ ငိုလို့ မရဘူး။

http://www.cherrythitsar.org



ကျိတ်ကျိတ်ပြီး အတင်းချုပ်ထားတာတွေဟာ အကျင့်ပါ နေပြီ ထင်ပါရဲ့”

“အဲဒါဟာ အကျိတ်အခဲကြီး ဖြစ်နေတာပေါ့။ ဟိုတုန်းက ဆရာပြောတယ်၊ မငိုနဲ့လို့။ မေမေ့ကို မုန်းတယ် မပြောနဲ့လို့။ ခုတော့ ပြန်ပြောချင်ပါတယ်။တင်မေ ဘာကိုမှ ကျိတ်မထားနဲ့။ တစ်ခါတစ်ခါ ကိုယ့်စိတ် ခံစားရတာကို ဖွင့်ပြောလိုက်၊ ပေါ့သွားအောင်လေ”

တင်မေကတော့ စိတ်အာရုံကို ဖွင့်ပြရမှာ ရှက် သည်။ တင်မေသည် အတော်လည်း ခံနိုင်ရည်ရှိ၍ နေလေ ပြီ။ တော်ရုံတန်ရုံ ကိစ္စသည် တင်မေအဖို့ ဂရုမစိုက် လောက်သည့် အသေးအဖွဲကလေးများ ဖြစ်ကုန်ပြီ။ ယခင် လို ချုပ်တည်း ဟန်ဆောင်နေတာ မဟုတ်၊ တကယ့်ကို စိတ်ထဲ လာမထိခိုက်နိုင်တာသာ ဖြစ်လေ၏။ ကြောက် တာ ရှက်တာ အံ့ဩတာ ချစ်တာ မုန်းတာတွေကို တင်မေ လေးစားခြင်း မရှိတော့ချေ။ တစ်ခါတလေတော့ ငါဟာ အသည်းနှလုံးမှ ရှိပါလေစ။ ရှူးများ နေရော့သလားကွယ် ဟု မေးမိပြန်၏။

ဆရာက“အဲဒီကဗျာကို ဘယ်ပို့မလဲ” ဟု မေး လေသည်။

တင်မေက ရယ်ပြီး “ဆုတ်ပစ်ပြီး အမှိုက်ခြင်းထဲ ပို့ရုံပေါ့”

“မလုပ်ပါနဲ့၊ လူတွေကို ပေး မဖတ်တော့ဘူး လား”

“လူတွေဖတ်ဖို့ ရေးတာမှ မဟုတ်ဘဲ။ တင်မေ

http://www.cherrythitsar.org



စိတ်ထဲရှိတာကို ကောက်ရေးလိုက်တာဘဲ။ ရေးပြီးရင် ကိစ္စပြီးပြီ။ တင်မေ ရေးတော့ရေးပါရဲ့၊ ပြီးတော့ ဆုတ်ပစ်တာချည်းပဲ။ ဘယ်သူ ဖတ်တာ မဖတ်တာ မလိုချင်ဘူး"

"ကိုယ့်ဘာသာ ကိုယ်ဖတ်ဖို့ ကဗျာရေးတယ် ဆိုတာ ဆန်းတယ် ထင်တယ်"

"ဒီလိုလေ၊ တင်မေဆို ခု တစ်ယောက်တည်း မဟုတ်လား။ ဆရာကလွဲလို့ စကားပြောစရာတောင် လူမရှိဘူး။ သူငယ်ချင်းလည်း ရင်းရင်းနှီးနှီး မရှိဘူး။ အိမ်ပြန်သွားရင် သာဆိုးသေးတယ်။ တင်မေ အိပ်ခန်းထဲက တောင် ထွက်တာ မဟုတ်ဘူး။ ထမင်းလည်း လာပို့မှ စားတာပဲ။ ပါးစပ်ဖွင့်ဖို့ အပေါက်အလမ်းကို မရှိဘူး။ စာပဲဖတ်၊ စာပဲ ဖတ်၊ ဒါချည့်ပဲ။ ကြာတော့ စာဖတ်ချင်စိတ် ပျောက်သွားရော။ စကားပြောချင်လာတယ်။ ဒါပေမယ့် နားထောင်မယ့်လူ မရှိဘူး။ ဒီတော့ ကဗျာ ဖြစ်ဖြစ် ဝတ္ထုဖြစ်ဖြစ် တစ်ပုဒ်ဖြစ်သွားတာပဲ"

"အထီးထီး နိုင်လှတယ် တင်မေရယ်"

"တင်မေ တစ်ယောက်တည်းပဲ နေနိုင်တယ်။ လူထဲတိုးကြည့်တော့ အရိုးရင့်သွားပြီမို့လား မသိဘူး၊ မရတော့ဘူး။ ဟိုတုန်းကဆိုရင် လူတွေကို မုန်းပြီး တင်မေ့ဘဝက သတ်သတ် ဖယ်ပစ် ထားတာပဲ"

"အဲဒါ မကောင်းဘူး၊ ကျားနာစိတ်လို့ ခေါ်မလား။ အဲဒီစိတ်ဟာ ကိုယ့်ကိုယ်ရော တခြားလူပါ ကောင်းကျိုး မပေးနိုင်ဘူး။ အဖိအနှိပ် ခံရလွန်း၊ မတရားတာတွေ တွေ့လွန်းတော့ ဒီစိတ် ပေါက်လာတာပေါ့လေ။

http://www.cherrythitsar.org



ဒါပေမယ့် လက်ခံ မထားသင့်ဘူး။ ဘ၀ကို ရယူတဲ့ သဘောက လူတွေကို မုန်းပြီး အားလုံးပစ်ပယ်ဖို့ မဟုတ်ဘူးကွယ်။ ရလာတဲ့ဘ၀ကို လက်ခံပြီး ကျေနပ်ပျော်ရွှင်နိုင်ဖို့ပဲ”

“တင်မေတော့ ဘာကြောင့် လောကကြီးမှာ လူတွေ အသက်ရှင်ပြီး နေထိုင်ကြသလဲ ဆိုတာ အဖြေရှာလို့ မရသေးဘူး။ ဆရာ ပြောတာကိုလည်း တင်မေ မယုံနိုင်သေးဘူးလေ။ ဘ၀ကို လက်ခံပြီး ကျေနပ်ပျော်ရွှင်ဖို့ ဟုတ်လား၊ ဒါ မဖြစ်နိုင်ဘူး”

“တင်မေမှာ လူတွေကို ချဉ်နေတဲ့ ကျားနာစိတ် မရှိရင် ဆရာ့စကား မှန်တယ်ဆိုတာ သိမှာပဲ”

“တင်မေ ဘာကိုမှ မချဉ်နေပါဘူး၊ လူတွေကို ချစ်တယ် ခင်တယ်။ သူတို့ကောင်းကျိုးအတွက် အသက်စွန့်မယ်လို့တော့ စိတ်မထားတာ အမှန်ပဲ။ တစ်ခါတုန်းကတော့ တင်မေ လူရှုပ်တဲ့ တစ်နေရာကို ရောက်သွားတယ်။ မိုးစင်စင်လင်းတဲ့အချိန် လမ်းလေးခွမှာ တင်မေ့ညာဘက်က ဈေးနဲ့။ လူတွေ လူတွေ၊ ဟိုသွား သည်လာနဲ့ပေါ့လေ။ တချို့ မျက်နှာက ပျော်လို့၊ တချို့က ညိုးလို့၊ အ၀တ်အစား ပြောင်ပြောင်လည်းပါ စုတ်စုတ်လည်းပါ။ အို....မျိုးစုံပေါ့လေ။ ဒါပေမယ့် လူတွေအားလုံးဟာ သူတို့စိတ်ကူးထားရာကို မှန်းပြီး လုပ်စရာရှိတာ လုပ်နေကြတာပဲ။

“တင်မေ တွေးမိတယ်၊ သူတို့ထဲမှာ ပညာရှိတာလည်း ပါမှာပဲ။ မသိမတတ်တာလည်း ပါမှာပဲ၊ ဒါပေ

http://www.cherrythitsar.org



မယ့် လူတိုင်းဟာတော့ တစ်နေ့ သေရမှာပဲ ဆိုတာကို သိတယ် မဟုတ်လား။ သေသွားပြီဆိုတဲ့ တစ်နေ့မှာ နေခဲ့တဲ့ဘဝဟာ ဘာမှ အဓိပ္ပာယ် မရှိတော့ဘူး။ လူတိုင်းဟာ တစ်နေ့မှာ လုံးလုံး ပျောက်ကွယ်သွားရမှာပဲ။ ဒါကို သိပေမယ့် ရယ်တဲ့အခါ ရယ်၊ ငိုတဲ့အခါ ငိုလိုက်ပေါ့လေ။ ဒုက္ခတွေ သုခတွေကို တွေ့ပြီး အသက်ရှင်နေကြတာဟာ သတ္တိရှိတယ်လို့ မခေါ်နိုင်ဘူးလား ဟင်။ အဲဒါနဲ့ တင်မေသူတို့ကို သဘောကျပြီး ခင်မင်တဲ့စိတ် ပေါ်လာဖူးတယ်"

ဆရာက ခဏမျှ စဉ်းစားနေပြီး

"အဲဒီတုန်းက တင်မေဟာ စိတ်ညစ်နေတဲ့အချိန် မဟုတ်လား"

"ဟုတ်တယ်"ဟု ပြောရင်း ဆရာ ဘယ်နဲ့ သိပါလိမ့်ဟု တွေးနေမိသည်။

"စိတ်ညစ်လွန်းတော့ သေတဲ့အကြောင်းကို တွေးတာပေါ့၊ အသက်ရှင်နေတဲ့ အကျိုးကို နားမလည်နိုင်ဘူး ပေါ့ကွယ်။ စင်စစ်တော့ တင်မေဟာ ကံမကောင်းလှဘူး။ အသက် ငယ်ငယ်ရွယ်ရွယ်မှာ တွေ့ကြုံဖူးတဲ့ ကိစ္စတွေက ကြီးကျယ်လှတယ်။ ပြီးတော့ စာလည်း သိပ်ဖတ်တယ် မဟုတ်လား"

"စာအုပ်ကလွဲလို့ တင်မေနဲ့ တည့်တဲ့ အဖော် မရှိဘူး"

"ကောင်းကောင်း မဆင်ခြင်နိုင်သေးခင်မှာ စာဖတ်တာက များလွန်းတော့ ဝေနေတာပေါ့။ ဘာကိုမှ မယုံဘူး၊ ဟုတ်တယ် မဟုတ်လား"

http://www.cherrythitsar.org



“စာအုပ်တွေလည်း တစ်ခါတစ်ခါ မီးရှို့ပစ်ချင်တယ်။ စာရေးဆရာတွေက တစ်ယောက်တစ်ပေါက် ပြောသွားတော့ ဘာကို ယူရမယ် မသိဘူး။ တင်မေတော့ အကုန် ပြန်လွှတ်ပစ်တာပဲ။ ကိုယ်ဟာကိုယ်ပဲ တွေးတယ်။ စာအုပ်ဆိုတာက ခက်သားပဲ ဟင်။ အယူအဆတွေကို သိရတာ ကောင်းပါရဲ့၊ ဒါပေမယ့် ဘာမှ ပုံသေယူလို့ မဖြစ်ဘူး။ ရပ်စကင်းပြောသလို တစ်ခေတ်တုန်းက မိန်းမလှတစ်ယောက် မိုက်မှားမိရင် သေပစ်ဖို့ နည်းလမ်းဟာ အကောင်းဆုံးလို့ ဆိုတယ်။ ခုခေတ်ကျတော့ မိန်းမတွေ မိုက်မှားမိရင် မွေးလာတဲ့ ကလေးအတွက် တာဝန်ယူဆောင်ရွက်ဖို့ကို အစိုးရက စပြီး လုပ်တယ်”

“တင်မေ့အတွက်တော့ ဆရာ ဘာလုပ်ရမှန်း မသိတော့ဘူး။ မင်းစိတ်တွေဟာ လေနေပါပြီကွယ်။ လောကကြီးကို မေ့သွားနိုင်အောင် စိတ်ဝင်စားစရာ ဘာမှ မရှိဘူးလား။ ဥပမာ ဂီတာတီး သင်ကွယ်”

“ငယ်ငယ်က သင်လာခဲ့ရင် ကောင်းမှာ။ ခုတော့ စိတ်ထဲမှာ ဆရာရယ် သီချင်းဆိုတာတွေ၊ ပျော်ပျော်နေတာတွေဟာ သေးနုတ်တယ်လို့ ထင်နေတော့တယ်”

“ဒါဖြင့်ရင် ကြည်ကြည်ညိုညိုနဲ့ ဘုရားရှိခိုး၊ ဘိက္ခုနီဖြစ်အောင် ကြိုးစား”

တင်မေက ပခုံးတွန့်ကာ “တင်မေ ဘုရား မရှိခိုးတာ ဆယ်နှစ်မကဘူး ထင်တယ်။ ပြီးတော့ အခု လက်ဆုပ်လက်ကိုင် ပြနိုင်တဲ့ ခုတစ်ဘဝမှာပဲ ယုံတော့တယ်။ သေရင် အလောင်းမြေကျပြီး မြေဩဇာ ဖြစ်သွားမှာပေါ့။

http://www.cherrythitsar.org



နိုက်ထရစ်အက်ဆစ် တစ်စက် နှစ်စက်လောက်တော့ တိုးပွားလာဦးမှာပေါ့ ဟင်”

“ဝိညာဉ် မရှိဘူးလို့ ယုံသလားကွယ်”

“ဒါ....ပြောရအခက်ဆုံးပဲ၊ ဘာမှ မငြင်းချင်ဘူးလေ။ လက်ညှိုးနဲ့ထောက်ပြီး မပြနိုင်တဲ့ဟာကို အတွေးအခေါ်တွေနဲ့ ဝေပုံချပြီး ဆုံးဖြတ်တာကို တင်မေ မလိုချင်ဘူး”

“တင်မေ့ဟာက ဘာကိုမှ လက်မခံတော့ဘူးဟာလား။ ဆရာ့သဘောကတော့ မကောင်းဘူး၊ မဟုတ်ဘူး၊ မဖြစ်နိုင်ဘူး ဆိုပြီး အားလုံးကို ပစ်ပယ်တာ မကြိုက်ဘူး။ အားလုံး မကောင်းဘူးဆိုရင် ကောင်းတာနဲ့ အနီးဆုံးကို လက်ခံရမယ်ကွ။ လောကမှာ သုညနဲ့ တစ်ရာ နှစ်ခုတည်း ရှိတာမှ မဟုတ်ဘဲ။ ကြားထဲက ဂဏန်းတွေ အများကြီးပဲ”

“တင်မေက အားလုံးကို သိပ်သိချင်ပြီး လောကြီးနေသလား မသိဘူး။ ပြီးတော့ မယုံနိုင်တဲ့ အကျင့်ကဒီလိုထင်တယ်။ အဖြစ်နဲ့အပျက်ကို အပျက်ကစပြီး ကြုံဖူးရလို့ ထင်တယ်။ ဥပမာ....မေတ္တာ ဆိုပါတော့ မိဘရဲ့မေတ္တာဆိုတာကို တင်မေ မရကတည်းက တခြားသူစိမ်းတွေဆီက ဘယ့်နှယ်လုပ် ရပါတော့မလဲ ဆိုပြီး မေတ္တာဆိုတာကို တယ် မယုံတော့ဘူး။ အို....တင်မေ ဘာလုပ်ရမှာလဲ ဆရာ”

ဆရာသည် တင်မေ၏ တည်ကြည်စွာ မေးလိုက်သော စကားအတွက် ချက်ချင်း မျက်နှာထားပြင်လိုက်ပြီး

http://www.cherrythitsar.org



"ငယ်ပါသေးတယ်ကွယ်၊ ဘာမှ ကြီးကြီးကျယ်ကျယ်တွေ မတွေးပါနဲ့၊ တင်မေ အခုလိုနေတာက မင်းကို အနီးဆုံး နားလည်ပြီး ယုယချစ်ခင်မယ့် သူပဲ"

"တွေ့နိုင်ရင်တော့ တယ်....ပျော်စရာ ကောင်းမှာပဲ....ဟင်၊ ဒါပေမယ့် တင်မေ့ကို နားလည်မယ့်သူလည်း ရှားမှာပါ၊တင်မေကလည်း နားလည်အောင် ပြောမပြချင်ဘူး"

တင်မေသည် ဝမ်းနည်း၍သွားသလို ဖြစ်ရတော့သည်၊ ဆရာ ပြောသလိုပင် စိတ်များ လေ၍ နေတာ အမှန်ပင်၊ ကိုယ့်ကိုယ်ကိုလည်း ရိပ်မိခဲ့ပါသည်၊ တင်မေသည် လဟာပြင်မှာ တွယ်ရာမရ ဖြစ်ကတတ်ဆန်း ပွင့်နေသော ငှက်မွေးနုကလေးကို ကဗျာစပ်ချင် လာလေသည်၊ သို့ပေမယ့် ဘယ်လို အဆုံးသတ်ရ ကောင်းမလဲ၊ လေထဲမှာပဲ ကြွေမွပျောက်ပျက် သွားမလား၊ ပင်လယ်ဆားငန်ရေထဲ ကျသွားမလား၊

http://www.cherrythitsar.org

[၇]

ကိုကျော်နှင့် တွေ့ကြုံခဲ့ရသည့် တစ်ချိန်ဟာတော့ စိတ်ချမ်းသာခြင်း ဆိုတာကို ပေးသည် ထင်သည်။

စိတ်ချမ်းသာခြင်းဆိုသည်မှာ လက်တွေ့နှင့် ကျတော့ ဖမ်း၍မမိသော စိတ်ကူးနှင့်လွမ်းသည့် စကားလုံးတစ်ခုပဲဟု တင်မေ ယူဆထားသည်။ အကယ်၍ ထိုသို့ယူဆထားခြင်းသည် သက်သက် မှားယွင်းနေခြင်းဟုသာ ဆိုလျှင်တော့ တင်မေ့ဘဝ ဆိုးဝါးလှခြင်းကြောင့်သာ ဖြစ်ပေမည်။ စိတ်ချမ်းသာခြင်းဆိုတာ ရှိလျက်နှင့်မှ မရရှိလိုက်ရဘူးဆိုလျှင် လူဖြစ်ကျိုး နပ်တော့မှာ မဟုတ်ဟု တင်မေ တွေးနေမိသေးသည်။

ကိုကျော်နှင့် တွေ့ရလျှင် စိတ်သည် ပေါ့ပါးသွားကာ ထွေရာလေးပါး လျှောက်ပြောသွားလျှင် ဘေးပတ်ဝန်းကျင်ကိုပင် မေ့လျော့နေမိတော့သည်။ ကိုကျော်နှင့် တွေ့နေသည့် အချိန်ကလေးမှာ တင်မေသည် တခြားတင်မေတစ်ယောက် ဖြစ်နေပေတော့သည်။

http://www.cherrythitsar.org



ကိုကျော်နှင့် စပြီး တွေ့ဆုံသိကျွမ်းရပုံမှာ တယ်ပြီးတော့တော့ ပြောပြချင်စရာ မကောင်းလှ။

ထိုအခါတုန်းက တင်မေသည် ဆယ်တန်းစာမေးပွဲကို ဖြေပြီးစ ဖြစ်လေသည်။ အောင်စာရင်း မထွက်သေးသော်လည်း အောင်သည်ဆိုတာကို သိရ၍ ဘာလုပ်ရမလဲ တွေးနေသည်။

မေမေတို့ကတော့ ကောလိပ်သွားချင်လျှင်လည်း ပို့ပေးမည် ဆိုသည်။ တင်မေကတော့ စိတ်ကူးမျိုးစုံနှင့် တန့်နေ၏။ ကောလိပ်ပညာကို အထင်မကြီး။ ကျန်းမာရေးကလည်း ဒီရေ ဝေါခနဲ ကျသွားသလို လျင်မြန်စွာ ညှိုးဖျော်းလာလေသည်။ ထို့ပြင် မိဘများနှင့် သမီးဖြစ်သူမှာ ကြားထဲတွင် သွေးနှင့် ဝတ္တရားသာ ရှိတော့လေသည်။ တင်မေသည် ကိုယ့်ကိုယ်ကို မိဘများအတွက် ဝန်ပိုတစ်ခုဟု သဘောထားနေလေသည်။ မိဘများထံမှ ငွေမှာသည့်အခါတိုင်း စိတ်နှလုံး နာကျင်လှသည်။

ခင်မေလည်း လင့်နောက်ပါသွားပြီး ဘယ်ရောက်နေမှန်းမသိ။ အပုလေးလည်း သေလေပြီ။ အိမ်မှာဆိုလျှင် တွယ်တာစရာ မေမေပင် ရှိတော့သည်။ ဖေဖေကိုတော့ စိတ်ထဲမှာ မထား၊ တစ်ခါတစ်ရံ ဖေဖေ့နှလုံးထဲက သွေးနှင့် မိမိနှလုံးထဲက သွေးတို့သည် တစ်မျိုးတစ်နွယ်တည်းက လာသည်ကို သတိထားမိလျှင် အံ့သြသလို နေမထိ ထိုင်မသာ ဖြစ်နေပေသေး၏။ သို့သော်လည်း မေမေနှင့်ပင် စကားပြော၍ မဖြစ်သည်မှာ ကြာလှပေပြီ။ ထို့ကြောင့် ကိုယ်မွေးသည့် ကိုယ့်အိမ်ကိုပင် အိမ်မမှတ်ဘဲ ရှိလေသည်။

http://www.cherrythitsar.org



တင်မေသည် တစ်နှစ်တစ်ခါ နွေကျောင်းပိတ်ရက်တောင် မှန်မှန် အိမ်မပြန်တော့ပေ။ နယ်က သူငယ်ချင်းတစ်ယောက်ယောက်၏ မြို့သို့ လိုက်သွားလျှင် လိုက်သွားသည်။ ရန်ကုန်မှာပင် ဆရာ့အိမ်မှာ နေလျှင် နေသည်။ မေမေ ဖေဖေတို့နှင့်ဆိုလျှင် သူတို့ ရန်ကုန်လာ၍ ကျောင်းမှာ လာတွေ့လျှင် စကားစမြည်ကလေး ပြောရ၏။

ကိုယ့်ဘာသာကိုယ် အိမ်မပြန်ချင်၍ မပြန်တာဖြစ်သော်လည်း စိတ်ထဲမှာ ခု၍ နေလေ၏။ မိဘနှစ်ပါးသည် သမီးပျိုကို ပစ်ထားတာလား။ လွတ်လပ်မှု ပေးတာလား မတွေးချင်ပြီ။ ပြီးတော့လည်း ဘယ်တော့မှ လွှမ်းမိုး၍ မရနိုင်အောင် အနေဝေးကွာခဲ့သည့် သမီး၊ ပန်းဖျော့သွေး ချယ်ရီပွင့်ကလေးမှ မျက်နှာထားမှုန်မှုန်နှင့် ဘာသိဘာသာ နေတတ်သော မိန်းမပျိုအဖြစ်ကို ချက်ချင်းလိုပြောင်းသွားသော သမီးကို အရာမရောက်နိုင်သည့် ဩဇာတွေပေးဖို့ မေမေတို့ မကြံစည်ဘူးဆိုလျှင် သူတို့ အပြစ်မဟုတ်။

စိတ်ခုတာကတော့ ဖျောက်၍ မရ။ စိတ်ခုရအောင်လည်း ကျောင်းပိတ်သဖြင့် လာကြိုပါဟုလည်း အိမ်ကို မမှာခဲ့ပေ။ အိမ်ကလည်း ဘယ်သူကမှ ပြန်မမေး။ တင်မေသည် ကိစ္စရှိလျှင် ရန်ကုန်နှင့် မြရာကုန်းကို တစ်ယောက်တည်း ကူးသန်းခဲ့သည်ဖြစ်ရာ လာကြိုဖို့လည်း မလိုပေ။ ကလေးဘဝတုန်းကသာ မိဘများကို အလုပ်ပျက် အကိုင်ပျက်ဖြစ်အောင် ဒုက္ခပေးခဲ့ပါသည်။

http://www.cherrythitsar.org



တင်မေသည် အိမ်ကို လုံးလုံး စာမရေးတော့ဘဲ ဆရာ့အိမ်မှာ ပြောင်းနေလေသည်။

စာမရေးတာက ကိစ္စမရှိ၊ လက်ထဲ ငွေမရှိတာက ခက်သည်။ ဘိုင်ကျသည် ဆိုသည့်စကားမှာ ခေတ်ဆန်၍ ပေါ့ပါးကာ စကားလုံးထဲ ထည့်သုံးလို့ ကောင်းသော်လည်း တကယ် ကြုံရတော့ စိတ်ညစ်စရာ ကောင်းလှသည်။ ဆရာ့ကိုလည်း ပြောမပြဘဲ ကျိတ်ပြီးသာ အကြံခက်နေလေ၏။

"ငွေဆိုတာကို ဂရုစိုက်တာ မဟုတ်ဘူး"ဟု အပြောနိုင်ဆုံးကတော့ မိမိသာ ဖြစ်လေသည်။ စိန် ရွှေ ရတနာ ဆိုတာကကော ဘာတွေလဲကွယ်။ စိန်က မီးသွေး၊ ပုလဲက ငါး၏အမြှုတေ၊ ပယင်းက သစ်ပင်က အစေး မဟုတ်လား။ ကျောက်တုံး ကျောက်ခဲတွေကို ပွတ်တိုက်ပြီး ကိုယ်ပေါ် မဆင်ချင်ဟု ပြောခဲ့ဖူးသည်။ စင်စစ်တော့လည်း သည်အပြောမျိုးတွေကြောင့် မိဘနှစ်ပါးက တင်မေအား ချဉ်သည်မှာ အမှန်ပင် ဖြစ်ချေသည်။

တင်မေသည် ဘယ်လောက်ပင် ငွေပြတ်နေသော်လည်း မေမေ ဖေဖေတို့ သားပစ် သမီးပစ် မက်မောရှာဖွေနေသည့် ရွှေငွေဆိုတာကို တင်းကျပ်စွာ ဆုပ်ထားဖို့ စိတ်မရှိ။ ဖွားဖွား မသေခင်က ပေးခဲ့သည့် စိန်ရင်ထိုးကို ရောင်းပစ်၍ရသည့် ငွေသုံးရာကျော်ကို တစ်လအတွင်း ကုန်အောင် သုံးပစ်လိုက်သည်။ နှမြောတယ်ဆိုတာ နားမလည်။ ငွေကုန်သော်လည်း ဘာမှ မည်မည်ရရ မရှိသည်ကို ဂရုမစိုက်။

http://www.cherrythitsar.org



တင်မေသည် ဘိုင်စကုတ်ချည်း စောင့်ပြီး ကြည့်လေသည်။ ဆရာက သည်တစ်ခုကို တယ်မကြိုက်။ သို့သော် တင်မေက"လောကကြီး ကျယ်ပါရဲ့ နေစရာမရှိဘူး။ တင်မေ့မှာ ပြန်စရာအိမ်လို့လည်း မရှိဘူး။ ကျောင်းကလည်း ပိတ်ထားတော့ နေလို့မရ။ ဆရာ့အိမ်ကလည်း ဆရာမရှိရင် ဘယ်သူနဲ့ စကားပြောပြီး နေရမလဲ။ မြို့ထဲ ထွက်ပြန်လည်း ညောင်းလို့မှ ထိုင်စရာ မတွေ့ဘူး။ တင်မေ့ကို လက်ခံတာ ဘိုင်စကုတ်ရုံပဲ ရှိတော့တယ်"ဟု လှောင်တောင်တောင် ပြောသည့်အခါမှ "မင်းဟာက အနေရခက်၊ အသေရ ခက်ကြီးထဲက ပါလား တင်မေရယ်"ဟု ညည်းပြီး ဘာမှ မကန့်ကွက်တော့ပေ။

တင်မေသည် ဘိုင်စကုတ်ရုံကို စောနိုင်သမျှ စောစော သွားလေ့ရှိ၏။ စာအုပ်တစ်အုပ်ကို လက်ထဲ ကိုင်ကာ ကားမပြသေးခင် စာဖတ်၏။ ကားပြတော့ မျက်စေ့ရှေ့ကို ရောက်လာသည့် အရိပ်တွေကို ကြည့်ကာ နားထဲဝင်လာသည့် အသံတွေကို ကြား၏။ သည့်ထက်ပို၍ ဘာမှ ဂရုမစိုက်။ တစ်ခါတလေမှသာ စိတ်ဝင်စား၍ ရသည်။ သို့သော် အသောခန်းနှင့် အလွမ်းခန်းကို အံ့ဩစရာကောင်းအောင် ထုံပေပေနိုင်သည့် စိတ်ဖြင့် စေ့စေ့ကြည့်မိတတ်သည်။ ရုပ်ရှင်ကြည့် ပရိသတ်ထံမှ အခန်းကိုလိုက်၍ ငိုရှိုက်သံပေးလိုက်၊ လန့်ဖျပ် အော်လိုက်၊ ဝါးခနဲရယ်လိုက် စသည့် စိတ်လှုပ်ရှားမှုတို့ကို ပြုံးစူ၍ နေလေသည်။ လူတွေဟာ တမင် လုပ်နေတာလား ဟုပင် သံသယ ရှိမိသေး၏။ ဟုတ်ချင်လည်း ဟုတ်ပေမည်။

http://www.cherrythitsar.org



သို့သော် အင်မတန် လှိုက်လှိုက်လှဲလှဲ ရှိနေကြတာကို လည်း မငြင်းနိုင်။

တင်မေသည် သူများ မရယ်သည့်အခန်းမှာ ရယ်မိတတ်သည်။ သီချင်းနှင့် အကခန်းကိုပေမယ့် အမြင်နှင့် မှတ်ချက်ချကာ မျက်မှောင်ကုတ်မိသည်။

"ငါဟာ လူထူးလူဆန်းတစ်ယောက် ဖြစ်နေပြီ လားကွယ်"ဟု စိတ်ရှုပ်မိသေး၏။ တင်မေသည် သူများ ထက် ထူးဆန်းပြီး သဘောကျစရာကောင်းသည့် ဇာတ် လိုက် တစ်ယောက်တော့ မဖြစ်ချင်ပေ။

တင်မေသည် ဘိုင်စကုတ်ရုံကို တစ်ယောက် တည်း လာသော်လည်း ဘာမှ အနှောင့်အယှက် မတွေ့။ မထီတရီ စော်ကားချင်သည့် ယောက်ျားမျက်လုံးများ သည် တင်မေ၏ ရဲရင့်တင်းမာသော မျက်နှာထားကို မကြည့်လိုကြပေ။ ထို့ပြင် တင်မေမှာ ဘေးဘီက ဘယ်သူ့ ကိုမှ သတိထားနေသည်ဟု မရှိသဖြင့် ကြာမျက်စနှင့် အရောဝင်သည့် အပြုံးများကို မမြင်မိတာ ဖြစ်ပေမည်။ တင်မေသည် ဘယ်သူ့ ဝေဖန်ချက်၊ ထင်မြင်ချက်ကိုမှ လည်း ဂရုမစိုက်ချေ။

ဟား....ဟား...သို့ပေမယ့် ကိုကျော်ကိုတော့ ဘိုင်စကုတ်ရုံထဲမှာ တွေ့ခဲ့ခြင်း ဖြစ်လေသည်။

တင်မေမှာ တခြားမိန်းမပျိုများလို ဣန္ဒြေကြီး လည်း လုပ်မနေ၊ ဘာမှ မသိမ်းမဆည်း၊ ပြောချင်ရာကို ပြောကာ နေတတ်၍ နှစ်ယောက်သားမှာ ခင်မင်၍ သွား လေတော့သည်။ ကိုကျော်က အံ့သြစရာ မိန်းကလေး

http://www.cherrythitsar.org



တစ်မျိုးဟု ထင်ပုံရ၏။ တင်မေက တယ်မကြိုက်၊ သို့သော် ဂရုမစိုက်ပါပြီ။ သူတို့နှစ်ယောက်မှာ တစ်ယောက်အိမ်ကို တစ်ယောက် လည်ပတ်ကာ သွားအတူ၊ လာအတူ ဖြစ်သွားလေသည်။

ဆရာက သတိပေးသလို "တင်မေဟာ အရွယ်ရောက်တဲ့ မိန်းကလေးတစ်ယောက် ဖြစ်နေပြီ"

"ဪ....ဟုတ်လား"

ဆရာက မျက်မှောင်တွန့်၍ "ဘာလဲ....ကိုယ့်ကိုယ်ကိုတောင် မေ့နေပြီလား"

တင်မေသည် မပြောဘဲ နေချင်သော်လည်း ပြောမိသွားသည်မှာ

"ကိုယ့်ကိုယ်ကို အပျိုတစ်ယောက် ဖြစ်မှန်း တစ်ခါတစ်ခါ မှန်ထဲကြည့်မိမှ သတိရတယ်။ တင်မေဟာ လူတစ်ယောက်ပဲလို့ စိတ်ထားတယ်။ ယောကျ်ား မိန်းမတောင် မခွဲချင်တော့ဘူး"

တင်မေမှာ တစ်ပတ်လျှိုနောက်တွဲ ဆံမြိတ်ဖတ်လတ်နှင့် ပေါင်ဒါပင် မှန်မှန်မရိုက်၊ ဖြစ်ကတတ်ဆန်းနေတတ်သည်။ အဝတ်အစားဆိုသည်မှာ သန့်ပြန့်သပ်ရပ်ခြင်း တစ်ခုသာ လူနှင့် သူနှင့် တူတော့သည်။

ဆရာကမူ "ဟုတ်ပါ့မလား ဟာ"

တင်မေက ပြုံး၍သာ နေလေသည်။ အခု.... ဆရာ့အထင်အမြင်ကိုပင် တယ်ပြီး ဂရုမစိုက်ချင်တော့ပြီ။ ယခင်ကဆိုလျှင် မိမိစကားကို မယုံသူကို ဒေါသ ဖြစ်တတ်၏။ "ဘယ်သူ့မှ ဂရုမစိုက်တဲ့လူဟာ ဘယ်တော့မှ လိမ်ပြောဖို့ မလိုဘူး"ဟု ပြောမိတတ်၏။

http://www.cherrythitsar.org



ကိုကျော်နှင့် ဆိုလျှင်လည်း သူ ယုံယုံ မယုံယုံ၊ စိတ်ထဲရှိတာကို ပြောပစ်လိုက်မိသည်။ ကြုံရသည် များ မှာတော့ ကိုယ့်ဘာသာ ကိုယ်မယုံသည့် စကားများကို တောင် ပြောမိချေသည်။ တင်မေသည် စိတ်က ရောက် ချင်ရာ ရောက်ပြီး ပါးစပ်က စကားတွေ လျှောက်ပြော သွားသည့်အခါ အမှားပါပြီး ရှေ့နောက်မညီ ဖြစ် တတ်သည်။ ကိုယ့်ဟာကိုယ် သိသော်လည်း ပြန်ပြီး ပြင်ဖို့ စိတ်မကူး။

ဘာကိုမှ ဂရုမစိုက်။ မလေးစားသဖြင့် မေ့တတ် သည့် ဝသီလည်း ပါနေပြီ။ ပြောပြီးသား စကားကို ထပ်ခါ ထပ်ခါ ပြောမိ၏။ ကိုကျော့် စကားတွေလည်း နားထဲ ဝင်ချင်မှ ဝင်၏။ ဝင်လျှင်လည်း ချက်ချင်း မေ့သွားလေ တော့သည်။

ကိုကျော့် မျက်နှာအမူအရာမှာ ပထမတော့ တစ်မျိုး ဖြစ်ဖြစ်နေတတ်ပြီး နောက်တော့ ရိုးသွားသလို ရှိလာ၏။ တင်မေသည် အချုပ်အချယ်မရှိ၊ တွေ့ရာကို လျှောက်ပြောသည်။ စာအုပ်အကြောင်း ပြောမိတာ များ သည်။ ကိုကျော်မှာ စာဖတ်ဝါသနာပါ၍ စေ့စပ်သည်။

တင်မေက"တင်မေ ဖတ်ပုံက လွတ်လပ်တယ် လေ။ စာတစ်အုပ်ကို ကောက်ဖတ်လိုက်တာပဲ၊ အဲဒီထဲက သိစရာရှိရင် သိလိုက်တာပဲ၊ စကားလုံးကို မမှတ်မိတော့ ဘူး။ တစ်ခါတလေ စာအုပ်နာမည်နဲ့ စာရေးဆရာ နာမည် တောင် မကြည့်မိဘူး။ ဒါကြောင့် ဘယ်သူက ဘယ်လို ပြောတယ်ဆိုတာ Quote မလုပ်နိုင်ဘူး။ တင်မေ ဘယ်သူ

http://www.cherrythitsar.org



ဘာပြောတယ် ဆိုတာလဲ တယ်ပြီး ဂရုမစိုက်ပါဘူးလေ” ဟု ပြောသည့်အခါ....

“သြော်....ဟုတ်လား”ဟု အံ့သြသံနှင့် အတူ တင်မေ့မျက်နှာကို ငေးနေတတ်သည်။

ကိုကျော်နှင့် သိရသည့်အတွက် ယောက်ျား ကလေးတစ်ယောက်နှင့် ယှဉ်လိုက်သည့်အခါမှာတောင် မိမိသည် ဘယ်လောက် ပုန်ကန်လိုစိတ်၊ မယုံနိုင်သည့် စိတ်များ ပေါ်များပြီး ငါတကော ကောလှသည်ကို မြင်၍ လာလေသည်။

သူတို့နှစ်ယောက်မှာ စိတ်ချင်း လုံးဝ ထပ်မိသည် တော့ မဟုတ်ချေ။ တင်မေ့စိတ်ထဲမှာ ကိုကျော်ကို ပျော့ သည်ဟု ထင်လေသည်။ မိမိ ဂရုမစိုက်သည့် ကိစ္စများကို သူ ဂရုစိုက်တာကို တွေ့ရသည်။ သို့သော် ကိုယ့်စိတ်မှာ ဆရာပြောသလိုပင် ကြေမွ ပျက်စီးနေတာလဲ ဖြစ်နိုင်တာ ပဲ။ တင်မေမှာ ဘူးသီးနုနု အမွေးသတ်ထားသလို လက်ညှိုး နှင့် ထိုးဆိတ်၍မရသည့် အခွံထူထူ အသီး ဖြစ်နေပေ သည်၊ ဒါကတော့ ဆရာ့စကား

ကိုကျော်ကတော့ မိမိကို ကြောက်စရာကောင်းတဲ့ ဒိုင်းနမိုက်လို့ ထင်သလား မသိ။

သို့သော်လည်း နှစ်ယောက်သားသည် ချစ်သူများ ဖြစ်ခဲ့သေးသည်။

“တင်မေ့ကို ချစ်လာပြီ”

“ကိုကျော့်ကိုလည်း ချစ်နေတယ်”

ရယ်စရာ ကောင်းလိုက်တာ၊ ကိုကျော်သည်

http://www.cherrythitsar.org



တင်မေ့စကားကို အမိပွာယ် နားမလည်သလို ကြောင်နေသည်ကို မှတ်မိသေး၏။

တင်မေသည် တခြားမိန်းကလေးများလို စိတ်ထဲရှိတာထက် လျှော့မပြောရုံမက ပိုတောင် ပြောလိုက်တာဖြစ်ပေသေး၏။ တင်မေ့စိတ်ထဲမှာ အချစ်ဆိုတာကို အမိကရယ်လို့ မထားလှ။ မိမိ အသည်းနှလုံးမှာ ချစ်တတ်နိုင်လောက်အောင် စိုပြည်ခြင်းလည်း ရှိမည်ဟု မယုံကြည်။ တစ်ခါတုန်းကတော့ ကိုယ့်ဘဝမှာ အချစ်သာကိုးကွယ်ရာဟု ထင်ခဲ့ဖူးတာ မှန်ပေ၏။ ယခုမူ စိတ်အာရုံရယ်လို့မှ ရှိသေးရဲ့လားကွယ်....။ အချစ်မေတ္တာဆိုတာကို ရိုးရိုးဖြစ်ဖြစ်၊ ဆန်းဆန်းဖြစ်ဖြစ် မနီးစပ်ခဲ့ဘူးချေ။ သို့သော် ကိုကျော်နှင့် ခဏတစ်ဖြုတ်ပဲ ဖြစ်ဖြစ်၊ တွေ့ရသည့်အချိန်မှာ ပျော်ရွှင်မှုကို ပေးပြီး သူနှင့် မတွေ့ရသည့်အခါမှာ ရင်ထဲမှာ....ဟာနေတတ်သည်မှာ အချစ်ပဲ ထင်သည်။ တင်မေသည် မသေချာလှသော်လည်း မျက်စေ့မှိတ်ပြီး ချစ်တယ်ဟု ပြောချပစ်လိုက်လေသည်။

"ကိုကျော့် မေမေ ဖေဖေတို့ကို ပြောရဦးမယ်။ ခွင့်မှ ပေးပါ့မလား မသိဘူးကွာ။ မေ စိတ်မကောင်း ဖြစ်မှာစိုးလို့ ကိုကျော် ပြောမပြတာ။ သူတို့ သဘောတူထားတဲ့ မိန်းကလေးတစ်ယောက် ရှိတယ်။ ဆွေမျိုးနီးစပ်ထဲကပါပဲ။ အဲဒါ ဘယ်လို လုပ်ရဦးမယ်တောင် မသိဘူး" ဟု ပြောပြသည်တွင်....

တင်မေသည် ကြက်သီးထပြီး ချမ်းလာတော့လေသည်။

http://www.cherrythitsar.org



တင်မေသည် ခုအချိန်အထိ မိဘထံ ခွင့်တောင်း ရမည် ဆိုသောအတွေး တစ်ခါမှ မပေါ်ဘူးပါ။ ဘာပဲ ဖြစ်ဖြစ် တင်မေ လုပ်ချင်ရာကို လုပ်နိုင်၏။ ထို့ပြင် မိဘ သဘောတူထားသူ ဆိုသည့် စကားမျိုးကို ကိုကျော် ပြော၍ ဖြစ်သည်ကို အံ့အားသင့်ရသည်။ တင်မေသည် လူ့လောကကြီးထဲမှာ ဘယ်သူနှင့်မှ မနီးစပ်သည့် အထီး ထီး မိန်းကလေး ဖြစ်နေပြီ ဆိုတာကို ရိပ်မိလာလေသည်။ တင်မေ့ အတွေးအခေါ်များသည် မြေကြီးနှင့် မနီးစပ် ဘူးလို့ ဆိုမလား။ သို့ပေမယ့် ဆရာနှင့်ကျတော့ ဘာ ကြောင့် ကိုက်ညီနိုင်သလဲ၊ ပြီးတော့ ထိုအတွေးအခေါ်များ အတိုင်း တင်မေကတော့ လုပ်နိုင်သည်။

ဆရာက တင်မေကို ငယ်သေးသည်ဟု ဆိုလေ သည်။ သို့သော်လည်း ကန့်ကွက်တာမဟုတ်၊ ဘယ်လို နေကြ ထိုင်ကြမလဲ ဆိုတာသာ ဆရာ သိချင်သည်။

"ကိုကျော့် ကိုယ်ပိုင် အိမ်ကလေးတစ်လုံး ရှိတယ် ပြောတယ်။ ၅မိုင်မှာတဲ့၊ အဲဒီမှာ သွားနေကြမယ်လေ"

"ရုံးမှာ လက်ထပ်မလား"

တင်မေက ရယ်ပြီး "ဟိုမှာ အတူတူ သွားနေ တယ်ဆို ပြီးရောပေါ့ဆရာရဲ့ ဘာလိုသေးသလဲ။ မင်္ဂလာ ဆောင်တယ် ဆိုတာတွေကို အယုံအကြည် မရှိပါဘူး။ ပြီးတော့ ကိုကျော်က သူ့မိဘတွေကို ပြောလို့ မရသေး ဘူး၊ တိတ်တိတ်ဆိတ်ဆိတ်ပဲ နေကြဦးမှ ဖြစ်မယ်"

ဆရာက ခေါင်းကိုသာ ရမ်းခါကာ နေလေ သည်။

http://www.cherrythitsar.org



တင်မေနှင့် ကိုကျော်တို့သည် ၅ မိုင်မှာ နေကြသည်။ ခြံကလေးမှာ ခပ်သေးသေး၊ အိမ်ကလေးက ခပ်ကျဉ်းကျဉ်း၊ သို့သော်....မရမ်းပင်များ၏ အစိမ်းကြားမှ ရေနံသုတ်ထားသည့် အိမ်ညို့ညို့ကလေးမှာ ချစ်စဖွယ်ကောင်းလေသည်။ အိမ်ထဲဝင်သည့် မြေနီလမ်းကွေ့ကလေးကလွဲ၍ မြေမှန်သမျှမှာ မြက်ခင်းနုနုနှင့် ကော်ဇော ခင်းထား၏။ ပုဏ္ဏရိပ် ခြံစည်းရိုးမှာ ကိုက်ညှပ်ခြင်းမရှိဘဲ အရိုင်းအတိုင်း သန်စွမ်းစွာ ပေါက်လျက် ရှိလေသည်။ စည်းရိုးကို ကပ်လျက် သစ္စာပန်းပင်များက စပါးပင်တွေလို ပြည့်ညပ်စွာ ပေါက်လျက် ရှိပြန်သည်။

တင်မေတို့သည် ဓာတ်စက်ကလေးတစ်လုံးကို ဖွင့်ကာ ပျော်နေလေသည်။ တင်မေမှာ ပြောမရ ဆိုမရနှင့် တစ်နေ့လုံး ဓာတ်ပြားတစ်ချပ်တည်း ဖွင့်ကာ နေတတ်၏။ တစ်ခါတလေ တစ်ဖက်တည်းပင် အထပ်ထပ် ဖွင့်တတ်သေးသည်။ တင်မေသည် ထမင်းစားပွဲပေါ်ပေမယ့် တစ်ကိုယ်လုံး တက်ထိုင်ပြီး စာဖတ်ချင် ဖတ်နေတတ်၏။ ထမင်း စားလျှင်လည်း ပန်းကန်ပြားကို ဘယ်ဘက် လက်ဖဝါးပေါ်တင်ကာ ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း စားတတ်သည်။ ကော်ဖီကို မွေ့ရာပေါ်မှာ ထိုင်လျက် သောက်တတ်သည်။

"စည်းကမ်းကလေးများ ထားဦးမှပေါ့ မေ"ဟု ကိုကျော်က ပြောတတ်သည်။

တင်မေသည် မိမိကိုယ်ကို စည်းကမ်းဆိုတာ စိတ်ထဲ မထားမှန်း သိမြင်လာပြန်လေသည်။ ထို့ကြောင့်

http://www.cherrythitsar.org



စည်းကမ်းအတိုင်း လုပ်ဖို့ ကြိုးစားသော်လည်း မေ့ မေ့သွားကာ နေတတ်သလိုနေပြီး လုပ်တတ်သလို လုပ်မိပြန်၏။

"ကိုကျော်ရယ် အလုပ်တွေဘာတွေ ရှာမနေပါနဲ့၊ ဒီမှာပဲ အေးအေး နေရအောင်။ ကိုကျော်မှာ ပိုက်ဆံ တော်တော် ရှိသေးသားပဲဟာ။ တင်မေ့မှာလည်း လက်စွပ်နှစ်ကွင်း ရှိသေးတယ်။ ရောင်းစားတာပေါ့"ဟု ပြောမိတတ်သည်။

"ပေါ့ပေါ့နေလို့ ဘယ်ဖြစ်မလဲ မေရယ်၊ ကြီးပွားအောင် ကြံဦးမှပေါ့"

"ကြီးပွားတယ်ဆိုတာ တင်မေ မလိုချင်ပါဘူး"

"ထားပါတော့၊ တော်ကြာ သားတွေ သမီးတွေနဲ့ ဖြစ်လာတော့ ဘယ်လိုကျွေးမလဲကွယ်။ မေမေတို့ဆီက လည်း ကိုကျော် ခု မေနဲ့ နေတာကို သိသွားရင် ပိုက်ဆံ တောင်းလို့ ရတော့မှာ မဟုတ်ဘူး"

"ခက်တာပဲ ဟင်၊ ကလေးတွေ ဘာတွေလဲ တင်မေ မလိုချင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ လောကကြီးထဲ လူလာဖြစ်ရတာ ဘာမှ အဓိပ္ပာယ် မရှိဘူး။ လူ့ဘဝဆိုတာဟာ အဓိပ္ပာယ် ကင်းမဲ့တယ်လို့ အလ်ဒတ်စ် ဟပ်စလေ ပြောဖူးတယ်။ အဲဒါကို တင်မေ သိပ်ယုံတာပဲ။ ပြီးတော့ ကလေးတွေကို ဘယ်လို အယူအဆ အတွေးအခေါ်တွေ ရှိလာအောင် သင်ပေးမလဲ ဟင်၊ တခြား ကလေးတွေ နေတဲ့ကျောင်းကို ပို့ပြီး အသက်ကြီးလာတော့ တခြားလူတွေ နေသလို နေခိုင်းမလား"

http://www.cherrythitsar.org



“တင်မေ့ သဘောကျ မွေးပေ့ါကွယ်”

“အဲဒီတော့လည်း တင်မေလို ဖြစ်လာပြီး လူတွေနဲ့ မတူသလို ဖြစ်နေမှာ စိုးတယ်”

“တော်ပါတော့ မေရယ်။ မင်းဟာက အတွေးတစ်ဝက်ပြတ်ကြီးပဲ။ ဘယ်တော့မှ အဆုံးမှ မသတ်ဘဲ”

“တင်မေ့ ဘဝဟာလည်း တစ်ဝက်ပြတ်ပါပဲ”

ကိုကျော်ကလည်း နားမလည်ချေ။ တင်မေက ရယ်သာ ရယ်နေလိုက်သည်။

ကိုကျော် ကြောက်မှာစိုး၍ တင်မေ ဖွင့်မပြောသည်မှာ....ခုတလော ချောင်းဆိုးပြီး သွေးစကလေးမှာ ပါ ပါလာခြင်း ဖြစ်လေသည်။

http://www.cherrythitsar.org

[၈]

ကိုင်းထိပ်ဖူးမှာ
ပွင့်ဦးအသစ်၊ယခုလှစ်သည့်
ရွှေရစ်ပန်းပြာ၊ခပ်မာမာလေး။

လှမ်းမီပေမယ့်
မောနေပါ့မယ်၊ခူးမလွယ်ဘူး
မြေဝယ်လျှောင်းစင်း၊မောင်ခြေရင်းက
သက်ဆင်းကြွေလွင့်၊ခရေပွင့်လေ....။

အလွယ်လိုက်ပြီး
အကြိုက်ဆင်သင့်၊လှမ်းကြိုနှင့်သည့်
ကြွေပွင့်ကိုသာကောက်ပါမောင်ရယ်။

ရာပြည့်စာအုပ်တိုက်

http://www.cherrythitsar.org



ဆရာက မောလျှသည့် လေသံကလေးဖြင့် "ကြွေပွင့်ဆိုတာက ဘယ်သူလဲကွယ်"ဟု မေးလေရာ

"ကိုကျော်နဲ့ ပေးစားမယ်ဆိုတဲ့ မိန်းကလေး လေ"

တင်မေသည် ပေါ့ပေါ့ ပြောလိုက်သလောက်ပင် စိတ်ထဲကလည်း ပေါ့ပေါ့ပင် ရှိ၏။ အချစ်သည် သေခြင်းလို ပြင်းထန်ပြီး သဝန်ကြောင်စိတ်သည် မြှုပ်သည့်ကျင်းပမာ ကြမ်းကြုတ်သည် ဆိုသည့် ကဗျာကလေးသာမှန်သော သစ္စာတရား ဖြစ်လျှင်တော့....

တင်မေသည် ကိုကျော်ကိုလည်း မချစ်၊ သူ့ကောင်မလေးကိုလည်း သဝန်မကြောင်ဟု ဆိုရပေတော့မည်။

ကိုယ့်ဘာသာလည်း ဝန်ခံ၊ ဖွင့်ပြီးလည်း ပြောမိသေးသည်မှာ "ဒီကောင်မလေးဟာ ကိုကျော့်အဖို့ တင်မေထက် ပိုပြီး သင့်တော်တာပဲ"

သူ့ကောင်မလေး၏ ထင်ရှားသည့်ဂုဏ်မှာ အိမ်ရှင်မကောင်း ဖြစ်နိုင်ခြင်းပင်။ မိခင်၏ ကြင်နာခြင်းမျိုးနှင့် သူနာပြုဆရာမ၏ အပြုစုမျိုးကို မယား၏ အချစ်အပြင် ရရှိပေဦးမည်။ ဘယ်လောက်တော်သည့် ယောကျ်ားမျိုးပဲဖြစ်ဖြစ်၊ အချစ်သက်သက်ထက် အချော့ကို မက်မောသည်ဟု ထင်မိလေသည်။ ပြီးတော့ ကိုယ့်မယားသည် သိပ်ပြီး မသိတတ်ရ၊ လင်သည်၏ အကြွင်းမဲ့တပည့် ဖြစ်ရပေမည်။ ယောကျ်ားမှာ စိတ်ကူးအဆန်းအသစ် ရလာသည်ဆိုလျှင် လွယ်လွယ်လိုက်ပြီး ထောက်ခံတာထက်

http://www.cherrythitsar.org



ကိုယ့်ကိုယ်ကို အညံ့စားထားပြီး ကြမ်းကြမ်းကြီးလည်း မဟုတ်ဘဲ ပါးနပ်စွာ ခံငြင်းပေးရမည် ထင်သည်။ သည်တော့မှ ယောက်ျား၏ မာနသည် ဖွံ့ဖြိုးပြီး သူ့ကိုယ်သူ ကျေနပ်စိတ် ပေါ်လာစေနိုင် လိမ့်မည်။

တင်မေကတော့ ကိုကျော်ကို ကျေနပ်စေနိုင် လိမ့်မည်ဟု မထင်မိချေ။ သူငယ်ချင်း အဖြစ်တုန်းက သည်လို ပြောလေ့ရှိလျှင် လင်မယားအဖြစ် ကျတော့လည်း သည်လိုပင် ပြောမည်။ အတူနေသည်ကလွဲ၍ ဘာမှ မပို။ တင်မေသည် ပွေ့ပွေ့ပိုက်ပိုက်နှင့် စကားချိုလည်း သုံးဖို့ စိတ်ကူးမရှိ။ 'မောင်''မောင်'နှင့် မချွဲမိ၊ ဆရာနှင့် တင်မေ နားလည်ကြသလိုမှ ကိုကျော်နှင့် တင်မေ နားမလည်။

ဒါဟာ ဘာဖြစ်တာလဲကွယ်။ ကိုကျော့်အပေါ်မှာ တစ်မျိုး တိုးတိုးနေတဲ့ စိတ်ဟာ အချစ်ဆိုတာ မဟုတ်သေးလို့လား....။

တစ်ညနေမှာ တင်မေတို့လင်မယားသည် ခြံပြင်ထွက်၍ လမ်းလျှောက်ရင်း....

"ကိုကျော့် အမေနဲ့ အဖေ၊ တောက ဒီကို လာကြလိမ့်မယ် ပြောတယ်။ ဘယ်တော့ ရောက်မလဲတော့ မသိဘူး။ ကိုကျော်တို့ အကြောင်းတွေ ကြားပြီနဲ့ တူတယ်၊ လိမ်ထားတာ မယုံတော့ဘူးနဲ့ တူတယ်။ ဘယ့်နှယ် လုပ်မလဲကွယ်"

တင်မေက မျက်လုံးအရောင် ဝင်းလဲ့လဲ့နှင့် နှုတ်ခမ်းက တစ်မျိုးပြုံးပြီး "တင်မေ ရှောင်နေမယ်လေ၊ ဆရာ့အိမ် သွားနေမယ်"

http://www.cherrythitsar.org



ကိုကျော်က မျက်နှာပျက်သွားပြီး "မလုပ်ပါနဲ့၊ မေမေတို့ သိလည်း သိပစေပေါ့။ ကိုကျော် ဆန့်ကျင်ရဲပါတယ်။ မကြောက်ပါဘူး။ ဒါပေမယ့် သူတို့ စိတ်မချမ်းသာ ဖြစ်မှာ ကြောက်တယ်။ ကိုကျော့်ကို သိပ်ချစ်တာ။ မေမေကဆို သူ့စိတ်ကူးတွေ ပျက်ကုန်မှန်းသိရင် သိပ်ငိုမှာပဲ"ဟု ဝမ်းနည်းသံ အဖျားခတ်၍ ပြောလေသည်။

တင်မေသည် ဘာမှမပြောဘဲ နေလေသည်။ အိမ်ပြန်ရောက်သည်အထိ တိတ်ဆိတ်ပြီးနေ၏။ ပခုံး တတွန့်တွန့်နှင့် သဘောကျပြီး ရယ်ချင်နေလေ၏။ ကိုကျော်စိတ်ဆိုးသွားမှာ စိုး၍ မနည်း ချုပ်တည်းရသည်။

ညအိပ်သည့်အခါတွင်မူ ကိုကျော်ဘေးက ထလာကာ အိမ်ပြင်ထွက်ပြီး ရပ်နေမိလေသည်။ စိတ်ထဲမှာ ဘာမှမရှိ။ လဟာပြင်လို သွေ့ခြောက်သည်။ ဘာကို ကြည့်လိုက် ကြည့်လိုက် ငြီးငွေ့ဖွယ်ရာချည်း ဖြစ်နေပေသည်။ လေက မလှုပ်မယှက်၊ သစ်ပင်တွေက ကျောက် ဖြစ်ကုန်ပြီလား မသိ။ ညအမှောင်ဟာလည်း မွဲခြောက်ခြောက်နှင့် ရိုးတိုးရိပ်တိပ်။ လ တစ်ခြမ်းပဲ့ကလည်း ကလေးဆွဲသည့် အရုပ်နှင့် တူနေလေ၏။ ကြယ်တွေသည်ပင် ပြိုးပြိုးပြက်ပြက် မတောက်၊ အသက်မရှိဘဲ ယောင်ကန်း ကြောင်တောင်စွာ ငေးစိုက်နေကြသလို အောက်မေ့ရ၏။

တင်မေသည် တစ်ပတ် နှစ်ပတ်လောက် ဖြစ်ဖြစ် ကိုကျော့်အိမ်က ခွာပြီး တစ်နေရာရာ သွားနေဖို့ ဆုံးဖြတ်လိုက်လေသည်။

ဘာစကားတွေ ပြောမိသည်တော့ မမှတ်မိ။

http://www.cherrythitsar.org



ကိုကျော့်ကို အရှုံးဖြစ်အောင် တစ်ဖက်သတ် လှောင်ပြောင်နေမိတာကိုသာ သတိရသည်။ သူ့ခမျာမှာ ဘာမှလည်း မသိရှာ၊ တင်မေနှင့် ကိုကျော် ရန်ဖြစ်ကြသေးသည်။ ကိုကျော်က တင်မေကို ဘယ်မှ မသွားရဟုဆိုပြီး ခွင့်မပေး။ တင်မေသည် ဆရာ့အိမ် သွားရမှာ အပြစ်ရှိနေသလို ခံစားရပြီး ထူးဆန်းစွာပင် မြရာကုန်းသို့ ပြန်ချင်စိတ် ပေါက်လာလေသည်။

တင်မေက ဖွတ်ပြန်တော့သည်။ ကိုကျော်သည် ဘယ်တော့မှ မနိုင်နိုင်။ တင်မေ့အမူအရာ အပြောအဆိုတွေကို မရှင်းမလင်း ဖြစ်နေသည်။ တင်မေ ခေါင်းမာလှသည်။ ကိုကျော့်အချစ် အကြင်နာတွေကို ငဲ့ညှာပါဦး။ အို....လင်သည့်စကား နားမထောင်တာက အမုန်းနဲ့ မာနလားကွယ်....။ တင်မေကမူ ပခုံးတစ်တွန့်၊ နှုတ်ခမ်းတရယ်နှင့် မထီလေးစား ရှိလှသည်။

ကြွေပွင့်ကိုသာ ကောက်ပါ မောင်ရယ်....။

[၉]

မြရာကုန်းအိမ်ကို ရောက်တော့ စိမ်းတိမ်းတိမ်း....။

အိမ်သည် ကျယ်ဝန်းပြီး လူနေ နည်းသလိုပင်။ ရှင်းတင်းတင်းနှင့် ခုမှ အိမ်ပြောင်းလာကာစ ဘာမှ နေရာ မချရသေးသလို ထင်မိ၏။ အိမ်မှာ ကိုယ့်အခန်းကလေး နှင့်ကိုယ် ခပ်ကင်းကင်း နေကြသည် ဖြစ်လေရာ အားလုံး နှင့်ဆိုင်သည့် အိမ်ရှေ့ခန်းကျတော့ အချင်းချင်း တွက် ကပ်ပြီး ဘယ်သူကမှ သန့်ရှင်းသပ်ရပ်အောင် မပြုပြင် တော့ချေ။

အိမ်ထဲရောက်၍ ပထမဆုံး စိတ်ထဲဝင်လာသည် မှာ ချောင်ကျကျ တန်ဆောင်းကြီးတစ်ခုထဲ ရောက်သွား သလို ရင် ခပ်ဖိုဖို ဖြစ်ခြင်းပေတည်း။ မသဲမကွဲ ပြန်ပြီး မှတ်မိရသည့် ကုလားထိုင် နေရာချပုံ၊ ဘုရားစင်မှာ ပန်း အိုးတင်ပုံ၊ ခေါင်မိုး ဝဲလင်းပေါ် တက်သည့် ကြောင်လိမ် လှေကား နေပုံတို့ကို ကြည့်ပြီး ဆွေးသလိုလို၊ ထွက်သွား ချင်ပြန်သလို စိတ်ဖြစ်ပေါ်၏။

http://www.cherrythitsar.org



တင်မေ၏ အိပ်ခန်းကို ဝင်လိုက်သော် အနည်းငယ် စိတ်ချမ်းသာ သွားသလိုပင်။ ဖုန်တွေကလည်း ထူလှပါကလား။ အခန်းထောင့်တွေမှာ ကျပ်ခိုးများဆိုင်းကာမဲမဲသဲသဲ ရှိလှသည်။ ခုတင်ပေါ်က သင်ဖြူးဖျာသည် ဖြူရော်ရော်နှင့် ဖုန်အလွှာလိုက် ခင်းလျက် ရှိသည်။ ခုတင်ခေါင်းရင်းက စာကြည့်စားပွဲပေါ်မှာ စာအုပ်များသည်ဖရိုဖရဲနှင့် ပုံနေကာ ဖုန်စောင်ကိုပင် ခြုံထားပြန်သည်။ မိမိအခန်းကို ဘယ်သူမှ ဝင်ပုံမရ။

ဟိုတုန်းက ငိုချင်လျှင် ပြေးဝင်ခဲ့သည့် အခန်း၊ ဂလန့်လေးချက် ရှိသမျှ အားလုံးကို ချပြီး အခန်းလေးထောင့်ကို ပတ်လှည့်ပြီး အညောင်းပြေ လမ်းလျှောက်ခဲ့သည့်အခန်းလေ၊ မှတ်မိသေး၏။ တင်မေသည် နောက်ဖေးနောက်ဖီ ထွက်ခြင်း၊ ရေချိုးခြင်းနှင့် ထမင်းစားခြင်းတို့ အတွက်သာ အခန်းထဲက ထွက်ကာ တစ်လလုံးနေလို့မှ ဘယ်သူနှင့်မှ စကားတစ်လုံး မပြောမိသည့် အခါများကို မှတ်မိသေး၏။ ပါးစပ်ဆိုသည်မှာ စားသောက်ရုံအတွက်ပဲ မဟုတ်ဘဲ စကားပြောဖို့၊ သီချင်းဆိုဖို့လည်းပါသေးသည် ထင်၏။ သီချင်းဆိုလျှင် အပြင်က မကြားအောင် ညည်းရသဖြင့် အားမရ၊ စကားပြောချင်စိတ်ပေါက်တော့ တစ်ယောက်တည်း ပြောမိသည်မှာလည်းကြောင်လှသည်။

တင်မေ့ ခြေဖဝါးများမှာ ဖုန်ဖြင့် ပေရေကုန်ပြီးကြမ်းပြင်ပေါ်မှာ ခြေရာများ ပီပီသသ ထင်ကာ နေလေသည်။ ဖုန်နံ့ကို မရှုချင်၍ ပြတင်းကို ဖွင့်လိုက်ရာ ပင့်ကူ

http://www.cherrythitsar.org



အိမ်၏ အစေးမျှင်သည် တင်းပြီး ပြတ်ကုန်ကာ လုံးဝ ပျက်စီးသွားလေသည်။

ပင့်ကူကလေးသည် ပြတင်းပေါင်နှင့် နံရံ အရိုက်မိမှာ ကြားညပ်သွားကာ လူးလွန့် ကြေမွသွားသည်။ တင်မေကတော့ အသက်တစ်ချောင်းဟုပင် သတိမရလိုက်။

ပြတင်းကနေပြီး ကြည့်လျှင် မြရာကုန်းချောင်း၏ ကွေ့ကောက် လျှောဆင်းလာသော ရေလက်လက် သစ်ရွက်သစ်ကိုင်းကြားမှ ထိုးဖောက်မြင်ရ၏။ သည်ရေယဉ်ဟာ ဘယ်ကို စီးဆင်းပါလိမ့်။ သူရဲ့ အဆုံးဟာ ပင်လယ်လေလား၊ မြစ်ကြောင်းအတိုင်း လိုက်ပြီး သွားချင်သည်။ တစ်တိုင်း တစ်ပြည်ကိုများ ရောက်သွားလေမလား၊ ချောင်းရေ၏ အမျှင်သည် ပါးလျလာပြီး ရိပ်ရိပ်မှုန် သွားကာ သီချင်းဆိုသံ၊ ကလေးငိုသံ၊ အော်ပြီး ရယ်သံတွေ ခပ်သဲ့သဲ့ကြားမှာ ပျောက်သွားလေတော့သည်။ အဲသည် အသံဗလံတွေနဲ့ တိုင်းပြည်မှာ တင်မေရဲ့ အိမ်ကိုများ တွေ့မလားကွယ်....။

တင်မေ၏ အတွေးများသည် အဆုံးမသတ်ဘဲ အထစ် အထစ်နှင့် တစ်ခုကတစ်ခု ပန်းဖောက်သွားပြီး နောက်ဆုံး သတိထားမိသည်က ချောင်းဆိုးလိုက်ချင်ခြင်းပင် ဖြစ်တော့လေသည်။

ခရီးပန်းလာတယ် မဟုတ်လား။ မနေ့ကလည်း ကိုကျော်ကို အသိမပေး ထွက်ပြီး ရန်ကုန်တစ်မြို့လုံး နေပူထဲ ထီးမပါဘဲ လှည့်ပတ်နေခဲ့သည်။ ဆရာ့အိမ်၊

http://www.cherrythitsar.org



စီစီတို့အိမ်၊ စာအုပ်ဆိုင်၊ မောင်ဂိုမာရီလမ်း၊ နောက်ဆုံး အပန်းဖြေ ထိုင်စရာ ဘိုင်စကုတ်ရုံ။ တင်မေ့စိတ်ထဲမှာ အားလုံးကို လိုက်နှုတ်ဆက် နေသလိုလိုပင်။

မနက်ကတော့ သုံးနာရီ မထိုးခင်က နိုးနေပြီး အိပ်၍ မရတော့။ တင်မေ့မှာ မျက်စေ့ကြောင်သည့်ရောဂါ ရှိသည်။ မြရာကုန်းလည်း ပြန်ရမှာမို့ အိပ်ရာထဲ လူးလိမ့် မနေတော့ဘဲ ရေထချိုးကာ ခြံထဲ ဆင်းနေမိ၏။ အအေး လည်း မိသွားသလား မဆိုနိုင်။ တစ်နေ့ခင်းလုံးမှာတော့ မြရာကုန်းနှင့် ရန်ကုန်ပြေးသည့် ကားပေါ်မှာ ခရီးသည် များနှင့် လုံးထွေးကျပ်ညပ်ကာ ယိမ်းထိုးပြီး လာခဲ့ရ၏။

မြရာကုန်းရောက်တော့ အိမ်ကိုအလာမှာ မိုးက ဖြန်းခနဲ သည်းချလိုက်သေးသည်။

တင်မေသည် ပြတင်းပေါက်က ခွာလာပြီး ခုတင်ပေါ် လှဲချလိုက်လေသည်။ တစ်ကိုယ်လုံး ဖုန်ပေ ကုန်လည်း ဂရုမစိုက်၊ ဆံပင်ထဲ ဖုန်ဝင်တာကိုတော့ မသိုး မသန့် ဖြစ်မိသည်။ သို့သော် ရင်တွင်းက ကျပ်လှသည်။ သွေး ခပ်ပြစ်ပြစ်ကို ထ မထွေးချင်သဖြင့် ငုံထားမိရာ ပျို့၍ လာလေသည်။ ထပြီး ထွေးပစ် ရပြန်၏။

ညနေ မေမေ စက်က ပြန်လာသော် ဘာစကား မျှ မပြောနိုင်ဘဲ ခြေပစ်လက်ပစ်နှင့် ခုတင်ပေါ်လှိမ့်ကာ ချောင်းဆိုးပြီး နေတော့သည်။

တင်မေမှာ ငှက်ဖျားလည်း ဝင်လာသည်။

ချောင်းဆိုးသွေးပါမှာ....မျှဉ်းပြီး ဣန္ဒြေမပျက် တဖြည်းဖြည်းခံပြီးမှ သေသည်က များသော်လည်း

http://www.cherrythitsar.org



တင်မေသည် မောင်လေးအပုကို သွားပြီး သတိရလေသည်။ မောင်လေးမှာ အိပ်ရာပေါ် ကြာရှည်လဲပြီး မနေ။ ဆေးရုံမှာ အရက်နှစ်ဆယ်လောက်ပဲ ကြာသည်။ ရောဂါပြင်းလွန်းလို့ပဲလား။ ကလေးက ငယ်ရွယ်လို့လား မသိ။ သေတာလည်း မညင်သာတာကို မြင်ယောင်နေမိသေးသည်။ ဒါမှမဟုတ် ချောင်းဆိုးသွေးပါမှာ ဖြစ်ပုံအမျိုးမျိုးရှိတာ ဖြစ်ပေမည်။

ဆရာဝန်က တင်မေကို "အရင်တုန်းက တစ်ခါမှ ချောင်းဆိုးရင် သွေးမပါဖူးဘူးလား" ဟု မေးသော် တင်မေသည် ငေးနေပြီးမှ စိတ်မပါသလို လျှောက်ပြောပြ သွားမိလေသည်။

၁၀ တန်းတက်သည့် နှစ်ဦးကတည်းက တင်မေသည် အလိုလိုနေရင်း မောနေတတ်၏။ ရင်ထဲကလည်း အောင့်သည်။ တအုံနွေးနွေးလည်း ဖျားနေတတ်သည်။ ညညဆိုလျှင်တော့ အဖျားသည် ကြီးလာကာ ပန်းလှ၍ အသက်ရှူမဝဘဲ ပါးစပ်ပါဖွင့်၍ ရှူရသည်။ လက်ဖျားသည် တုန်နေတတ်ကာ လက်သည်းများ ခြောက်ပြီး အရင်းမှာ ဖြူနေတတ်သည်။

"ဆရာဝန်ကော မပြဘူးလား၊ မိဘကို ဘာလို့ မပြောတာလဲ"

တင်မေက ကိုယ်ကို လှုပ်လိုက်ပြီး သူ့ဘာသာသူ ရယ်ကာ....

"နှစ်လကျော်ကျော်လောက် ချစ်သူနဲ့လည်း အတူနေခဲ့သေးတယ်"

http://www.cherrythitsar.org

[၁၀]

ကဲ ဘယ်လောက်မွဲတဲ့ တင်မေလဲကွယ်....။

မြရာကုန်းရေယဉ် လျှောကျသွားရာ၏အဆုံး.... ကလေးငိုသံ၊ အော်သံ၊ သီချင်းဆိုသံတွေကိုမှ နှုတ်ဆက်လက်ဆောင်ပေးစရာ ဘာမျှ မရှိပါပြီ....။

မိုးဖွဲများ ပါး၍ သွားလေပြီ....။ ဇလပ်သီးများလည်း သိပ်မကြွေတော့၊ လေငြိမ်သွားပြီလေ၊ အပြင်က ချမ်းပြီး အတွင်းက ပူနေ၏။ ရင်တစ်ခုလုံးသည် မာခဲပြီးနေသည်ဟု ထင်မိသည်။ ရေထဲခုန်ဆင်းဖို့ လာခဲ့ပြီး ဘယ်တော့မှ မအောင်မြင်ခဲ့တာ ဘယ်နှစ်ခါ ရှိပြီလဲ၊ ရေပန်းများနှင့် အထိအတွေ့ဆိုတာမှာ အင်မတန် ညင်သာယုယတာပါ။ သေမှာကို ကြောက်တယ်များ ထင်သလား၊ ကြောက်တယ်ပဲ ထားပါဦး၊ လွတ်မလားကွယ်။ အသက်ရှင်ပြီး ဝေဒနာ ထကြွလာသည်ကို တင်း၍ခံဖို့ရာ ရက်ပိုင်းလောက်ပင် ကျန်ပါတော့၏။

http://www.cherrythitsar.org



စင်စစ် ခံစားရသည့် ဝေဒနာသည် သေတာထက် ဘယ်လောက် ဆိုးသည်ဆိုတာ လူတွေကို ပြောပြလိုက်ချင်သည်။ ခံစားရခြင်းသည် အကြမ်းဆုံး အဆင့်သို့ ရောက်လျှင်....ဟိုဘက်စွန်းနှင့် သည်ဘက်စွန်းက အားချင်းပြိုင်၍ လွန်ဆွဲနေစဉ် အလယ်က ကြိုးပမာ ပြတ်အောင်ပြီးလည်း မခုန်ပေါက်လိုက်နိုင်၊ အသက်ဆိုသည့်ဟာကလည်း မထွက်ဘဲ တွယ်ကပ်နေကာ မြရာကုန်းချောင်းနက်နက်ကိုသာ အံကြိတ်ပြီး တွေးနေမိသည်။

ယခုတစ်ပတ် အတွင်းမှာပင် ဤနေရာသို့ သုံးခါမျှ ရောက်ခဲ့လေပြီ။

ယခုတစ်ခါမူ အေးဆေးစွာ တွေးပြီး လာခဲ့လေသည်။ သေဖြစ်ပါတော့မယ်ဟု သေချာနေလေသည်။

၁၉ နှစ်နှင့် လေးလ လူ့ပြည်မှာ နေခဲ့ပေပြီ။ မိဘလည်း ရှိခဲ့သည်။ ညီအစ်ကို မောင်နှမလည်း ရှိခဲ့သည်။ ချစ်သူလည်း တွေ့၍ လင်သည်ပင် ဖြစ်ခဲ့ပါပကော။ ပြီးတော့ သူစိမ်း၏မေတ္တာ(ဆရာလေ)ကိုလည်း ရခဲ့ပါပြီ။ ငွေကိုလည်း ကိုင်ပြီး သုံးခဲ့သည်။ ပညာလည်း သင်ခဲ့ပေပြီ။ အမယ် တယ်ဟုတ်ပါလား၊ ဘာမှ လိုလေသေး မရှိ။

တင်မေလိုချင်တာ တစ်ခုတည်းကတော့ အိမ်...။

ရက်ပေါင်း သည့်လောက်များစွာ ကြာခဲ့သည့် အတွင်းမှာ နေခဲ့ရသည့်အိမ်များမှာ တင်မေ့ကိုယ်ပိုင် မရှိခဲ့ချေ။ သည်တစ်ခုအတွက်တော့ ဝမ်းနည်းမိသလိုပါပဲ။ နေခဲ့တယ်လေ....မေမေတို့ရဲ့ အိမ်၊ ဆရာ့အိမ်၊ ကိုကျော့်အိမ်....။

http://www.cherrythitsar.org



တင်မေသည် သည့်လောက် ကြာရှည်ကြီးထိုင်ကာ တွေးနေမိသည့်အတွက် ကိုယ့်ကိုယ်ကို ဒေါသဖြစ်မိ၏။ သည်ကိုလာတာက ခုလိုထိုင်ပြီး ချောင်းဆိုးလိုက်၊ သွေးနှင့် တံတွေးကို ထွေးပစ်လိုက်နှင့် ဝေဒနာကို လက်ခံနေဖို့ မဟုတ်။

တင်မေသည် အားယူပြီး ထလေသည်။ မောလိုက်တာနော်။ မြရာကုန်းချောင်းရေယဉ်ကို ကျောပေးပြီး ခဏ ရပ်နေမိလေသည်။ တင်မေ တွားပြီးလာခဲ့သည့် လမ်းကလေးကို မြင်ရလေသည်။ လမ်းကလေးပေါ်မှာ ကြွေနေသည့် သစ်ရွက်များသည် မိုးရေကြောင့် နူးကာ လတ်ဆတ်ပြီး နေသေး၏။ လမ်းကလေးမှာ ကင်ပွန်းချုံ၊ မြရာချုံများကို တိုးပြီးလာသဖြင့် လမ်းလျှောက်ရခက်၏။

တင်မေသည် ခါတိုင်းလိုပင် ရေထဲ ခုန်ဆင်းပြီး မသေချင်တော့ဘဲ ရှိကာ ဖြည်းညင်းစွာ လာလမ်းအတိုင်း ပြန်လျှောက်ခဲ့ပြန်လေသည်။

http://www.cherrythitsar.org

[၁၁]

မိုးသားတွေ ပြိုကျလာပြီး မှောင်ရီရီ ဖြစ်လာလေသည်။ မီးခိုးရောင် ကောင်းကင်မှာ နေ့လယ် လျှပ်စစ်သည် သိပ်ပြီး မပြိုးပြက်နိုင်ပေ။ ဝက်မလွတ် အုန်းလက်များမှာ သန့်ရှင်းပြီး စိမ်းကား တညွတ်ညွတ်လွှဲ၍ နေကြလေသည်။ အုန်းစိမ်းနှင့် မိုးမှိုင်း....။

မိုးပေါက်များသည် ဟစ်အော် ပြေးဆင်းပြီး သည်းချလိုက်လေသည်။

မိုးပေါက်တွေက ပြင်းလှချည်ရဲ့၊ ကျောပြင်သည် စပ်ကာ ကုန်းလာသည်။ ထို့ကြောင့် ချောင်းဆိုးပြန်၍ မတ်မတ် ရပ်ရပြန်၏။ ကိုယ်ကို မတ်လိုက်တော့ မိုးရေသည် မျက်နှာကို ပက်ရိုက်ပြီး ဘာမျှ မမြင်ရတော့ချေ။

"အဟွတ်....အဟွတ်...."နှင့် ချောင်းဆိုးကာ ပါးစပ်ထဲတွင် ပြည့်လာပြန်၏။ ထွေးပစ်ဖို့ရာတောင် မောနေပါပြီ။ မြေကြီးပေါ် ထိုင်ချလိုက်ပြီး မောဟိုက်နေလေ၏။ သွေးတွေ ပြည့်လာပြန်၍ ထွေးပစ်ရပြန်သည်။

အသက်ရှူ၍ မဝသည့်ကြားက ဆိုးလိုက်တဲ့ ချောင်း။

http://www.cherrythitsar.org



မျက်လုံးများ ပြာလာပြီး အားလုံး ယိမ်းထိုးနေလေသည်။ မှောင်လှချည့်လား၊ ဆံပင်များသည် ရေစိုကာ ပါးပြင်မှာ လာကပ်နေသည်။ လေး လိုက်တာ။ သို့သော် ဖယ်ပစ်ဖို့ ကိုယ့်လက်တောင် ကိုယ်မနိုင်တော့။ ဘယ်လက်နှင့် မြေပေါ်ထောက်ပြီး တစောင်းလှဲပြီး ကွေးကွေးခေါက်ခေါက်နှင့် ချောင်းဆိုးရပြန်၏။ ရင်ခေါင်းထဲက ဂလိုင်သံ ပါလာ၏။

မိုးရေတွေ ကြားထဲမှာပင် ချွေးစီးများ ပြန်လာသည်ကို အလိုလို သိမိ၏။ မောလွန်းလို့ ထင်ပါရဲ့၊ တံထွေးနှင့် သွေးများကို ထွေးမထုတ်နိုင်တော့ဘဲ ပါးစပ်မပွင့်တပွင့်နှင့် ပြန်မျိုသာချရာ တချို့မှာ မေးစေ့ပေါ် စီးကျကုန်သည်။

မိုးရေကြောင့် မွန်းလည်း မွန်းနေပြီ....။

အရှေ့က ဘာကွယ်နေသလဲ၊ ခပ်ထူထူ ပိန်းပိန်း၊ သို့ပေမယ့် တိမ်ဖြူပမာ ထွင်းဖောက်၍ ရမည်ထင်သည်။ ကြည့်ရသည်မှာတော့ ပျော့ဖတ်ပုံပဲ။ မျက်မှောင်တွန့်ပြီး ကြည့်သော်လည်း မပွင့်မလင်း....။

တင်မေသည် သဲလမ်း သွေ့သွေ့ ကလေးပေါ် လျှောက်ပြီး သွားနေလေ၏။ ပေါ့ပါးလှ၍ လေမှာ လွင့်နေသလိုပင် ထင်မိ၏။ ဆံပင်များသည် ဖွာရာကြဲလွင့်ကာ ဆပ်တွန့်ပဝါပမာ....ကျောနောက်က လှိုင်းထပြီး လိုက်လာ၏။

ကြည့်ရသည်မှာ ခပ်မှောင်ပျပျ။ တိတ်ဆိတ်ပြီး အေးမြ၏။ ဘာသံမှ မရှိ၊ သက်ရှိပစ္စည်း၏ အရိပ်အငွေ့ကို ဘာမှ မမြင်ရ။ တင်မေ့စိတ်ထဲတွင် ဝမ်းနည်းနေတာလည်း

http://www.cherrythitsar.org



မဟုတ်။ ပျော်ရွှင်ခြင်းလည်း မရှိ။ သို့သော် လွတ်လွတ် ကျွတ်ကျွတ် ရှိလှသည်။

တင်မေတစ်ယောက် ထိုးထိုးကြိုး လမ်းလျှောက် လာသည်။ အလျင်စလိုလည်း မရှိ။ ဖြည်းနှေး တုန်ချည့်ပြီး တော့လည်း မနေ၊ ဘယ်ကိုမှန်းလည်း မသိသလို နေ လျက်က လျှောက်ပြီးတော့သာ လာလေသည်။

လမ်းလျှောက် တစ်ယောက်တည်း၊ လျှောက် လျှောက် တင်မေ တစ်ယောက်တည်း။

မမြင်ရသော်လည်း ဟော ဟိုမှာ တင်မေ့ အိမ်။

ကြည့်ပါဦး၊ အိမ်ပြန်ရတာ နွမ်းလျလိုက်ထာ ကွယ်။

သံလမ်း၏အစွန်း၊ အိမ်၏ အဝ ရောက်တော့ ရပ်လိုက်၏။ ရုတ်တရက် မဝင်ဖြစ်၊ တံခါး ပိတ်ထား သလား၊ ဖွင့်ထားသလား။ အို....ဘာမှ မမြင်ရ၊ အိမ်လုံး ကိုပင် မမြင်ရ၊ လမ်းကို ငုံ့ကြည့်လည်း မမြင်ရ၊ ထူးဆန်း စွာသာ အလိုအလျှောက် သိ၍ နေလေသည်။

တင်မေသည် သက်ပြင်းလေး ချပြီး နဖူးက ချွေး စို့လာသည်ကို လက်ကိုင်ပဝါနှင့် သပ်လိုက်စဉ်....အိမ် ပြန်လာခဲ့၍ ဝင်ခွင့်ရပြီကို အလိုအလျောက် သိလာ ပြန်လေသည်။ တံခါးလာဖွင့်သူသို့ လက်ကမ်းလိုက်၏။

အလို....

တင်မေ့လက်ကို ဆုပ်ဖမ်းကြိုယူသည့် လက်က ဖြင့် အေးစက်လှပါကလား။

[ရှုမဝမဂ္ဂဇင်း၊ဇန်နဝါရီ၊၁၉၅၃]

